# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၆)


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ဒေသခံဘာသာရေးခေါင်းဆောင်များနှင့် လဟယ်မြို့ရှိ စာရာမေရီရိပ်သာခန်းမ၌ တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေတပ်စခန်းဌာနချုပ် (ဟုမ္မလင်း) ရှိ ဥရုနဒီရိပ်သာဧည့်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံကြပြီးဒေသခံတိုင်းရင်းသားများက ဟုမ္မလင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ဒေသခံ တိုင်းရင်းသားများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည်

*စာမျက်နှာ ၅ ကော်လံ ၁* ❄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရိုးရာယဉ်ကျေးမှုအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်၌ ကျရောက်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ အချိန်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD ၊ MRTV News ၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ ၊ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **သတင်းစဉ်**


**ယနေ့** *ဖတ် စ ရာ*

**စားအုန်းဆီတစ်ပိဿာလျှင် ၃၆၆၅ ကျပ်ဖြစ်** — ပြည်တွင်းသတင်း | စာ - ၅

**အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်ကြပါစို့** — ဆောင်းပါး | စာ - ၈

**ကိုဗစ်-၁၉ တစ်ကျော့ပြန် ကူးစက်လာမှုကြားက ကမ္ဘောဒီးယား ခရီးသွားကဏ္ဍမျှော်လင့်ချက်** — နိုင်ငံတကာရေးရာ | စာ - ၁၄

မြန်မာ့အလင်း

# စုပေါင်းညီညွတ်စွာ လုပ်ကိုင်ကြမှသာ

နိုင်ငံတစ်နိုင်ငံ အခွန့်ရှည်တည်တံ့နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံအတွင်းတွင်ရှိသော လူအင်အား၊ ငွေကြေးအင်အားနှင့် ရုပ်ဝတ္ထုအင်အားတို့ကို ထိထိရောက်ရောက် စုစည်းအသုံးပြုနိုင်ရန် လိုအပ်သည်။ အထက်ပါ အင်အားသုံးမျိုးကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးများအဖြစ် အသုံးပြုဆောင်ရွက်ရာတွင် ခေါင်းဆောင်မှုအပိုင်းနှင့် ပြည်သူလူထုအပိုင်းတို့ လွှမ်းခြုံပါဝင်သည့် လူအရင်းအမြစ်ကသာ ဦးဆောင်ကာ နိုင်ငံ၏ခနငွေကြေးနှင့် ရုပ်ဝတ္ထုသယံဇာတအရင်းအမြစ်နှစ်မျိုးကို နိုင်ငံဖွံ့ဖြိုးရေးအတွက် ပုံဖော်တည်ဆောက်ကြရခြင်းဖြစ်သည်။

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအားပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်" ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲ မိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းမှာရှိနေသည့် အရင်းအမြစ် သုံးခုကို စုပေါင်းကာ အားကြိုးမာန်တက် အလုပ်လုပ်ကြရန်နှင့် တကွဲတပြားစီ ဆောင်ရွက်၍မရဘဲ စုပေါင်းဆောင်ရွက်ကြရန် အမြော်အမြင်ကြီးစွာဖြင့် နှိုးဆော်ခဲ့ခြင်းပင် ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် 3M ဟုခေါ်သော Man,Money, Material အင်အားများအပြင် National Integration ခေါ် အမျိုးသားစုစည်းမှုသည်လည်း မရှိမဖြစ် လိုအပ်သည်ဟု ပညာရှင်များကဆိုမိန့်ခဲ့ကြရာ နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အာဏာရပ်လွှမ်းခြုံပျံ့နှံ့ခြင်း၊ ဗဟိုအစိုးရ၏ ဦးဆောင်မှုထက်မြက်စူးရှခြင်း၊ ဗဟိုအစိုးရအပေါ် ပြည်သူတို့ သစ္စာခံယူမှုအားကောင်းခြင်း စသည့်အခြင်းအရာများက တစ်မျိုးသားလုံး၏ စုစည်းသိပ်သည်းမှုကိုအားကောင်းစေသည်ဟု ဆိုသည်။ နိုင်ငံကို ခေါင်းဆောင်မှုပြုသူနှင့်ပြည်သူလူထု၊ ပြည်သူလူထုအချင်းချင်း စသည်တို့ ကြား၌ အပြန်အလှန် နားလည်လက်ခံမှုနှင့် အသိအမှတ်ပြုမှုတို့ အားကောင်းခြင်း၊ ပြည်သူလူထု၏ လူမှုရေးစည်းကမ်း ထိန်းသိမ်းမှု(Social Discipline) အားကောင်းခြင်းတို့က အမျိုးသားစုစည်းမှုကိုခိုင်မာတောင့်တင်းစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းထနိုင်သည့် အင်အားကိုလည်း ပေါ်ထွက်လာစေသည်။

ယခုအခါ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးခဲ့သည်မှာ ၇၅ နှစ်ပြည့်တော့မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် လမ်းကြောင်းပေါ်သို့ ခြေချနိုင်ရန် ရုန်းကန်နေရဆဲပင်ဖြစ်သည်။ နိုင်ငံ၏ အရင်းအမြစ်များကို ထိထိရောက်ရောက် ဖော်ထုတ်အသုံးချနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်ရေးအတွက် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကြိုးပမ်းနေကြရသလိုနယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့် အတိတ်သမိုင်း၏ ဆိုးမွေများနှင့် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၊ အကြမ်းဖက်မှုများကိုလည်း ရင်ဆိုင်ရှင်းလင်းနေရသည့် အချိန်အခါတွင် ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သည့်အတိုင်း အကွဲကွဲအပြားပြား လုပ်နေကြခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မည် မဟုတ်ဘဲ စုပေါင်းညီညွတ်စွာ လုပ်ကိုင်ကြမှသာ ပြည်ထောင်စု နိုင်ငံတော်ကြီး၏ အကျိုး၊ ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားတို့၏ အကျိုးတို့ ပေါ်ထွန်းလာနိုင်ပါမည့်အကြောင်း။ ။

# (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရှိရသည်။

သတင်းစဉ်

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသား စိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# ပျော်ဘွယ်မြို့နယ် လင့်စင်ကုန်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအား (၁၆) ကြိမ်မြောက် ပညာရည်ချွန် ဆုပေးပွဲကျင်းပ

တပ်ကုန်း ဇူလိုင် ၁၇



နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်နာယက ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်ကဆရာတော်၏ မွေးဖွားရာဇာတိဖြစ်သော ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင့်စင်ကုန်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများအား (၁၆)ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်သည်။

ဆုချီးမြှင့်ရာတွင် ၂၀၂၁-၂၀၂၂ ခုနှစ်၌ ထူးချွန်အောင်မြင်သော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခြင်း၊ လင့်စင်ကုန်း (အ.မ.က)ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ (အဖြူ အစိမ်း) များနှင့် စာရေးကိရိယာ၊ စားသောက်ဖွယ်ရာနှင့် အလှူငွေတို့ကို ဇူလိုင် ၁၄ ရက်က လင့်စင်ကုန်းကျေးရွာ လင့်စင်ကုန်း (အ.မ.က) ကျောင်း၌ လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြန်မာ့အလင်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ အဆိုပါရုံး ပင်မဆောင်ရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမွှေးနံ့သာရည်များ ပက်ဖျန်း

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

### ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပင်မဆောင်ရှိ ဓာတ်ခွဲခန်းများတွင် mercury, lead စသော heavy metals များပါဝင်မှုနှုန်း စစ်ဆေးနေမှု၊ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်း (Active Pharmaceutical Ingredient) စစ်မှန်မှုရှိ မရှိနှင့် မလိုလားအပ်သော အရောအနှောများပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များတွင် ဆိုးဆေးများနှင့် တာရှည်ခံဆေးဝါးများ ခွင့်ပြုပမာဏထက်ကျော်လွန်သုံးစွဲခြင်းရှိ မရှိ၊ အစားအသောက်များတွင် လူကို အန္တရာယ်ဖြစ်စေနိုင်သော မှိုပါဝင်ခြင်းရှိ မရှိ စမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများ၏ စစ်မှန်မှုနှင့် အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ စားသုံးဆီများ၏ အမျိုးအစားစစ်မှန်မှုရှိ မရှိနှင့် ဆီအမျိုးအစားများပါဝင်သည့် ပြည့်ဝဆီနှင့် မပြည့်ဝဆီများပါရှိခြင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှုတို့ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

### အထူးအလေးပေးဆောင်ရွက်

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ရည်မှန်းချက် (၂) ရပ်ဖြစ်သည့် နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးတို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံ စိတ်ချရသည့် အစားအသောက်များ ရရှိသုံးစွဲနိုင်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်လည်း လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးစသည့် ရည်မှန်းချက်များကို ချမှတ်ပြီး ရောဂါကာကွယ်၊ ကုသရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

အများပြည်သူများ နေ့စဉ်မဖြစ်မနေ စားသောက်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးရှိရေး၊ အာနိသင်ပြည့်မီမှုရှိရေးတို့သည် အလွန်အရေးကြီးပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များကို ပြည်သူများရရှိသုံးစွဲနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ချမှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်း မရှိပါက အရေးယူဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရာတွင် နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)ရုံးသစ်ကို ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး အာနိသင်ပြည့်မီရေးအတွက်လည်းကောင်း၊ နီးနွယ်ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ မိတ်ဖက်အသင်းအဖွဲ့များနှင့်လည်း ပိုမိုထိရောက်စွာ ဆက်သွယ်ဆောင်ရွက်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးအာနိသင်ပြည့်မီသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို သုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ကို ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာရေးနှစ်ကာလတွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ခေတ်မီဓာတ်ခွဲခန်းများ၊ E-submission စနစ်ဖြင့် လက်ခံဆောင်ရွက်နိုင်ရန် Infrastructure များပါဝင်သည့် ရုံးအဆောက်အအုံ၊ အရာထမ်းအမှုထမ်းအိမ်ရာများ၊ Training Centre တစ်လုံးစသည့် အဆောက်အအုံ ခုနစ်လုံးပါဝင်ကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီ၍ ခေတ်နှင့်လျော်ညီသည့် အမျိုးသား အစားအသောက်ဥပဒေ၊ ဆေးပစ္စည်းကိရိယာ ဥပဒေ၊ အလှကုန်ပစ္စည်း ဥပဒေ (မူကြမ်း) တို့ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်ရုံးခွဲတို့၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

### တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သီးခြားဦးစီးဌာနအဖြစ်တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ နေပြည်တော်(ရုံးချုပ်)၊ ရန်ကုန်ရုံးခွဲ၊ မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရုံး ၁၂ ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ ခရိုင်အဆင့်ရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် Jeng Phang နော်တောင်နှင့် အဖွဲ့ဝင်များ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ် ပင်မဆောင်ရှိ ဓာတ်ခွဲခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ ပြန်လည်ခွင့်ပြုနေပြီဖြစ်သဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီများအနေဖြင့် မှန်မှန်ကန်ကန် လုပ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEAF)၏ အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MOEAF)၏ အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ထပ်မံဖွဲ့စည်းဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ရွေးကောက်ပွဲကြီးကြပ်ဖွဲ့စည်း၍ အမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို အသင်းသားများက လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ရာ ယနေ့အခမ်းအနားသည် နဝမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ အမှုဆောင်ကော်မတီကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂)၊ အထွေထွေအတွင်းရေးမှူးတို့ အပါအဝင် အမှုဆောင်ကော်မတီဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမှုဆောင်ကော်မတီဝင်များမှ လုပ်ငန်းကော်မတီ ကိုးခု ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်အနေဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံအလိုက် သတ်မှတ်ထားသော ဝန်ဆောင်ခနှုန်းထားများအတိုင်း ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများက ပြည်ပရွှေ့ပြောင်းအလုပ်သမားများထံမှ ကောက်ခံရေးကို လိုက်နာဆောင်ရွက်သွားရန် အမှုဆောင်ကော်မတီက အနီးကပ်ကြီးကြပ်ပေးရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ ပြန်လည်ခွင့်ပြုနေပြီဖြစ်သဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီများအနေဖြင့် မှန်မှန်ကန်ကန် လုပ်ဆောင်ကြရန်လိုကြောင်း၊ လုပ်ငန်းကော်မတီအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

### အေဂျင်စီ ၃၄၃ ခု

ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မတိုင်မီအထိ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၃၁၄ ခု၊ (ထိုင်း) လိုင်စင်ရအေဂျင်စီ ၁၁၄ ခုရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခုနှစ် ဇူလိုင် ၁၄ ရက်အထိ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ကြီး ၂၉ ခု၊ (ထိုင်း) လိုင်စင် ၂၈ ခု၊ စုစုပေါင်း ၅၇ ခု ထုတ်ပေးနိုင်ခဲ့ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် အေဂျင်စီ ၃၄၃ ခုရှိကြောင်း။

ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ကတ်များကို မြောက်ဒဂုံမြို့နယ် ပင်လုံသင်တန်းကျောင်းတွင် နေ့စဉ်တနင်္လာနေ့မှ စနေနေ့အထိ ထိုင်းနိုင်ငံအတွက် လူဦးရေ ၈၀၀၊ အခြားနိုင်ငံများအတွက် ၂၀၀၊ မိမိအစီအစဉ်များအတွက် ၁၀၀ စုစုပေါင်း ၁၁၀၀ ခန့်ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း။

### တစ်ကြိမ်လျှင် ၇၀၀ ခန့် ပို့ချ

ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းများကို ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်နှင့် မန္တလေး) တို့တွင် ဇွန် ၁ ရက်မှစ၍ တစ်ပတ်လျှင် သုံးကြိမ်၊ ရန်ကုန်၌ တစ်ကြိမ်လျှင် လူဦးရေ ၅၀၀ ခန့်၊ မန္တလေး ၌ တစ်ကြိမ်လျှင် ၇၀၀ ခန့် ပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

အစီအစဉ်အရ ၂၀၂၀-၂၀၂၁ သက်တမ်း အမှုဆောင်ကော်မတီဝင်များ နုတ်ထွက်ကြောင်း ကြေညာပြီး ရွေးကောက်ပွဲကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌက အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကာ ရွေးချယ်ခံမည့် ကိုယ်စားလှယ်များကို မိတ်ဆက်ပြီး အမှုဆောင်ကော်မတီဝင် ၂၅ ဦးကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန် အသင်းသားများက ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့ ဆောင်ရွက်ကာ အစီအစဉ်အတိုင်း ရွေးချယ်ခြင်းခံရသည့် အမှုဆောင်ကော်မတီဝင် ၂၅ ဦး အမည်စာရင်းကို ကြေညာသည်။

ထို့နောက် ရွေးချယ်ခံရသည့် ဥက္ကဋ္ဌအသစ်က ကျေးဇူးတင်စကားပြောကြား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်လျင်ကျောက်တန်းမြို့နယ် သီလဝါ စက်မှုဇုန်(အတွင်း/ အပြင်)ရှိ အလုပ်ဌာန ၄၃၄ ဌာနမှ အာမခံအလုပ်သမား ၁၇၃၃၃ ဦးတို့ ဆေးကုသမှုခံယူရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် လူမှုဖူလုံရေးအဖွဲ့ အထူးကုဆေးခန်း ဖွင့်လှစ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရောင်းချမည့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်အနီး၊ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းဝင်းအတွင်းရှိ မြေဧရိယာ ၀ ဒသမ ၅၅ ဧကပေါ်တွင် ဆောက်လုပ်ထားသော (၈၀' x ၅၀' x ၂၃.၅') RC နှစ်ထပ် အဆောက်အဦနှင့် မြေနေရာအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝယ်ယူနိုင်ရေးအတွက် သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက အဆောက်အဦနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး အဆောက်အဦ(အတွင်း/အပြင်) သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ -

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**



# ကာကွယ်ရေးသည် ပထမ

လွတ်လပ်ပြီ ကိုင်း… ဘာကကျုပ်တို့တိုင်းပြည်စကြမလဲ၊ ဘယ်လို တိုင်းပြည်အသစ်ထောင်မလဲ။ ယခု အစိုးရအဖွဲ့က အတော်အတန် ဗမာပြည် ခေတ်သစ်ထူထောင်ရေးအတွက် လုပ်ငန်းအစီအစဉ်တွေပြောသွားတာ ကြားလိုက်ပါရဲ့။ ဒါပေမယ့် အဲဒီအစီအစဉ်တွေ လုပ်ဖြစ်ပါပြီတဲ့၊ တစ်နေ့ ဒီဟာတွေကို ကာကွယ်ဖို့အားမရှိရင် ဘယ်မှာ အသုံးကျတော့မလဲ။ ဒါကြောင့် ဗမာပြည်ရဲ့ ကာကွယ်ရေးသည် ပထမ၊ ဗမာပြည်ရဲ့ လွတ်လပ်ရေးသည် ဗမာပြည်ကာကွယ်ရေးအပေါ် တည်၏။ ဒါကြောင့် ဗမာ့ကာကွယ်ရေးဟာ ဗမာ့လွတ်လပ်ရေးနဲ့ ညီမျှတယ်။ ဒီအချက်ကို ဘယ်သူမှ မငြင်းနိုင်ဘူး။ ဗမာ့အဓိကပြဿနာဟာ ဗမာ့ကာကွယ်ရေးပဲလို့ တထစ်ချမှတ်လိုက်ပါ။

**(မြန်မာပြည် ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းရန်ကိစ္စနှင့် ပတ်သက်၍ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ပြောကြားချက်မှ ကောက်နုတ်ချက်)**

✻ *ရှေ့ဖုံးမှ*

နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

**နှုတ်ဆက်အားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြရာ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးသည်။

**ဆက်ကပ်လှူဒါန်း**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ သာသနာ့ဇောတိက မြို့မကျောင်းသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အားပေးစကားပြောကြား**

ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၆ ရက်တွင် ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။(ယာပုံ)

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## Online System ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များ Database သို့ အချိန်မီထည့်သွင်း

ပဲခူး ဇူလိုင် ၁၇

အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ရိုက်သွင်းခြင်းနှင့် ပြန်လည်စစ်ဆေးခြင်း လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှသာ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအတွက် စနစ်ကျပြီး တိကျသော မဲစာရင်းများ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက Online System ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) များ Database သို့ သတ်မှတ်ချိန်အတွင်း အချိန်မီထည့်သွင်းပြီးစီးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) များ Software Program အတွင်း ဆင့်ပွားသင်တန်းများ အချိန်မီပေးနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ခရိုင်အတွင်းရှိ မြို့နယ်အလိုက် ကွန်ပျူတာများနှင့် လူအင်အားများ စနစ်တကျသေချာစုဖွဲ့ထားရန်၊ စက်ပစ္စည်းအရန်နှင့် လူအရန်အင်အား ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက်ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) များ Software Program အတွင်း ထည့်သွင်းနိုင်ရေး မြို့နယ်အလိုက် ကွန်ပျူတာနှင့် လူအင်အားစုဖွဲ့ထားရှိမှုများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးက အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ထည့်သွင်းခြင်းလုပ်ငန်းအတွက် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ဌာနဆိုင်ရာနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဆင့်ပွားသင်တန်းသင်ကြားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင် ခြောက်ခု၊ မြို့နယ် ၂၈ မြို့နယ်ရှိပြီး အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) များ Software Program အတွင်း ၁၁၀၆၃၆၈ ခု ထည့်သွင်းရမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီတစ်ပိဿာလျှင် ၃၆၆၅ ကျပ်ဖြစ်

နေပြည်တော် ဇူလိုင် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၃၆၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**
နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားလျက်ရှိသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ရာ အဓိကလမ်းမကြီးဖြစ်သည့် စံပယ်လမ်း လမ်းဘေးဝဲယာ၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ကိုယ်စားလှယ်များသို့ စိုက်ပျိုးမည့်ပျိုးပင်များ အသီးသီးပေးအပ်သည်။(ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်တို့က ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို စတင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများတွင် ကံ့ကော် ၁၁၈ ပင်၊ ခရေ ၅၈ ပင်နှင့် စိန်ပန်း ၅၈ ပင် စုစုပေါင်း ၂၃၄ ပင်ကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၇**
မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်

**ပေါင်းတည် ဇူလိုင် ၁၇**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန် တိရစ္ဆာန်ကူးစက် ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်မှုကို ဇူလိုင် ၁၁ ရက်မှစတင်၍ ဇူလိုင် ၁၇ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သင်းသင်းခိုင်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရောဂါဖြစ်နိုင်ခြေရှိသော ကျေးရွာများ၌ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ပိုစတာများစိုက်ထူပြီး လူထုအသိပညာပေးဟောပြောရာတွင် တိရစ္ဆာန်များ၌ အဖြစ်များသော ခွာနာလျှာနာရောဂါ၊ ကျွဲနွား အရေပြား အကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါများနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် ကျေးရွာပြည်သူများအား မွေးမြူရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျွဲနွားများအား ခွာနာလျှာနာ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **အေးအေးဆင့်(ပြန်/ဆက်)**



# နတ်တလင်းမြို့၌ ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**နတ်တလင်း ဇူလိုင် ၁၇**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ မြို့မရပ်ကွက် မြို့မ အ.ထ.က ကျောင်း ပတ္တမြားခန်းမ၌ ၂၀၂၁-၂၀၂၂ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။

ဦးစွာ နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ နတ်တလင်းမြို့နယ် လက်ထောက် ပညာရေးမှူး ဦးထွန်းလှိုင်၊ မြို့မ အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်ဦးရွှေလှိုင်တို့က အမှာစကားများ အသီးသီးပြောကြားသည်။



ထို့နောက် မြို့မ အ.ထ.က ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ ခရိုင်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ငုံဖူးဝေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။(ဝဲပုံ)

အဆိုပါ မြို့မ အ.ထ.က ကျောင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၉၉ ဦး၊ အောင်မြင်သူ ၅၅ ဦးရှိပြီး ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး ရှိကြောင်း သိရသည်။

**ဝေယံဖြိုး (ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြု

**ကျိုက်ထို ဇူလိုင် ၁၇**
ကျိုက်ထိုမြို့နယ်၏ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ထူးချွန်အောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်ကေသီခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးတို့က အလှူငွေလှူဒါန်းပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ထူးချွန်ဆုများအား ချီးမြှင့်ရာ မွန်ပြည်နယ်အဆင့်တွင် ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးအဆင့်(၅)ထူးချွန်ဆု၊ မြို့နယ်အဆင့် ဆုရကျောင်းများမှ ဆရာ ဆရာမများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကျိုက်ထိုမြို့နယ်အနေဖြင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန ခြောက်ခု ဖွင့်လှစ်ပြီး ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူ ၁၀၃၀ အနက် အောင်မြင်သူ ၅၂၅ ဦးရှိခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၁၀၊ (၃)ဘာသာ ဂုဏ်ထူးရှင် ၂၁ဦး၊ (၂)ဘာသာ ဂုဏ်ထူးရှင် ၂၉ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၉ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၂၁ ဦးရှိကြောင်းသိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

(၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အဖြစ် ဖွင့်လှစ်ပြသမည့် ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) များကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဗိုလ်ချုပ်ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သော မော်တော်ယာဉ် ပြသထားရှိမှု၊ ပြည်သူများ ဝင်ထွက်သွားလာမည့် ဗိုလ်ချုပ်ပြတိုက်လုံခြုံရေး ဂိတ်ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများ၊ လက်ရေးမူများနှင့် ပြတိုက်ဝင်းအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် မြက်ပင်ချုံနွယ်များ ရှင်းလင်းပြီးစီးမှု၊ ပြတိုက်အတွင်းရှိ ထမင်းစားခန်း၊ စာကြည့်ခန်းများကို ပြင်ဆင်ဆောင်ရွက် ပြီးစီးမှုများကို လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် အများပြည်သူကို ပြသမည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ပုဂ္ဂိုလ်ကြီးများ၏ ကျဆုံးခဲ့ရသည့် အစည်းအဝေးခန်းမနှင့် ဝန်ကြီးများရုံးပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

## မမေ့နိုင် ယနေ့တိုင်

❖ တိုင်းပြည် လူမျိုး၊ ဘုံအကျိုးတွက်
ကြိုးခဲ့ ညီညီ၊ ချီခဲ့ရဲရဲ
နွဲခဲ့ဖန်ဖန်၊ မျိုးချစ်မာန်နှင့်
ထက်သန်ဆွတ်လှမ်း၊ လွတ်လပ်ပန်းကို
ဆင်မြန်းပန်ဆင် ပေးခဲ့သူ ။

❖ တစ်ခေတ်သမိုင်း ၊ စနစ်ရိုင်း၏
လှိုင်းအောက်မှ ဖောက်၊ နွံအောက်မှ ထွက်
လက်အောက်မှ လှန်၊ ရန်အောက်မှ ရုန်း
နောင်ရိုးထုံးဖြင့်
ပြည်လုံးမျှော်မှန်း ၊ လွတ်လပ်ပန်းကို
ဆောင်မြန်းပေးအပ် နိုင်ခဲ့သူ ။

❖ ထလေ့ မြန်မာ၊ ပါလေ့ ပြည်ရေး
အရေးကြီးပြီ ၊ သွေးစည်းညီလေ့
အရေးကြုံပြီ၊ သွေးဆုံညီလေ့
ညီညာပေါင်းစု ၊ ပြည်ထောင်စု၏
ရှိသည့်ဂုဏ်အင် ၊ မြတ်နိုးကြင်အောင်
ဆင်ခြင်ဖော်ဆောင် ပေးခဲ့သူ ။

❖ ပြည်ထောင်စုအတွက်
ညီနောင်ထုအတွက်
တည်ထောင်မှုအတွက်
အသက်ကို ပေး၊ အသွေးကို စွန့်
အခွင့် မမျှော်၊ မလျော် တည့်မတ်
မြင့်မြတ်စိတ်ထား ၊ ဇာနည်များ၏
လေးစားဖွယ်ရာ၊ အရာရာကို
အားကျဖွယ်ရာ ၊ အရာရာကို
အတုယူဖွယ်ရာ၊ အရာရာကို
အာဇာနည်နေ့၊ ဤယနေ့၌
မမေ့ မလျော့ ၊ မပေါ့ မဆ
သတိရလျက်
မြန်မာ့ကောင်းကျိုး ၊ ဆတက်တိုးအောင်
သယ်ပိုးနိုင်ကြပါစေသတည်း ။ ။

((၇၅) နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက် ...)

မျိုးမြတ်မြတ်မြင့်မောင်

# ယင်းမာပင်မြို့တွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

ယင်းမာပင် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၇ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။



အဆိုပါ စာစီစာကုံးပြိုင်ပွဲကို ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် မြင့်မားလာစေရန်၊ အာဇာနည်စိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံကိုချစ်မြတ်နိုး ကာကွယ်စောင့်ရှောက်နိုင်စေရန်၊ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ခရိုင်အဆင့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်းခွဲတို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို အာဇာနည်နေ့အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံးက ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# စစ်ကိုင်း၌ (၇၅) နှစ်မြောက် အာဇာနည်နေ့ သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

စစ်ကိုင်း ဇူလိုင် ၁၇

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (အငြိမ်းစား) ဝန်ထမ်းတစ်ဦးနှင့် ပူးပေါင်း၍ (၇၅) နှစ်မြောက် အာဇာနည်နေ့ သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ရှင်းလင်းဆွေးနွေးပြီး စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်နေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (အငြိမ်းစား) ဝန်ထမ်း တစ်ဦးက အာဇာနည်နေ့ အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဇော်မြင့်နိုင်



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၂) မြို့မကျောင်း၌ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါကျောင်းရှိ ပညာဝတီ ခန်းမတွင် ကျင်းပစဉ်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)



ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပစဉ်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

# အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်ကြပါစို့

………… မျိုးငြိမ်းငယ် …………

**သမိုင်းမှပေးသင်ခန်းစာ**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဦးဆောင်ပါဝင်ခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးတို့ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ပင် တိုင်ချေပြီ။ ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့ ဟု ဆိုတတ်ကြသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ရှိလာသည့်တိုင် မြန်မာနိုင်ငံသားတို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မမေ့နိုင်။ မေ့နိုင်ဖွယ်လည်း မရှိပါချေ။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် ကြိုးစားရုန်းကန်ရင်း အသက်စွန့်ခဲ့ကြရသော ခေါင်းဆောင်ကြီးများကို မည်သို့မျှ မေ့ပျောက်နိုင်လိမ့်မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသည် နိုင်ငံတစ်ဝန်း တော်လှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့တော်လှန်ရေး အောင်မြင်၍ လွတ်လပ်ရေးရခါနီးဆဲဆဲတွင် လုပ်ကြံခံခဲ့ရသည်။

လွတ်လပ်ရေးဖခင်ကြီးများကို လုပ်ကြံခဲ့သူများမှာ နယ်ချဲ့တို့မဟုတ်၊ တိုင်းတစ်ပါးသားတို့မဟုတ်။ ကိုယ့်နိုင်ငံသားများပင် ဖြစ်သည်။ ကိုယ့်နိုင်ငံသားများကို နယ်ချဲ့တို့ကနောက်ကွယ်မှ ကြိုးကိုင်၍ လုပ်ကြံခဲ့ကြသည်။ လွတ်လပ်ရေးဦးဆောင်ကြိုးပမ်းသူများအား လုပ်ကြံလိုက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခဲ့လျှင် မည်သူတို့နစ်နာကြမည်နည်း။ လွတ်လပ်ရေးသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အတွက်မဟုတ်။ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်သည်။

လုပ်ကြံသူများက ထိုသို့မမြင်။ ပုထုဇဉ်လူသားတို့၏သဘောသည် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းလာလျှင် ဆင်ခြင်တုံတရား ကင်းမဲ့လာတတ်ကြသည်။ အမှား/အမှန်ခွဲခြားဆုံးဖြတ်နိုင်စွမ်း နည်းလာတတ်ကြသည်။ ထို့အတွက် ဖြစ်လာသည့် အကျိုးဆက်သည် နိုင်ငံအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရသည်။ ထို့ထက်ရင်နာစရာကောင်းသည်မှာ ကိုယ့်နိုင်ငံလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းနေသူများကို ကိုယ့်နိုင်ငံသားက လုပ်ကြံခဲ့ကြသည်မှာ နိုင်ငံ့သမိုင်းအတွက် သင်ခန်းစာယူစရာပင်ဖြစ်သည်။

**နိုင်ငံချစ်စိတ် မျိုးချစ်စိတ်**

နယ်ချဲ့တို့က မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်၍ သီပေါမင်းနှင့် မိဖုရားတို့အား ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် နိုင်ငံတစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးခဲ့ရပြီးနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့်နေ့သည် နိုင်ငံသားအားလုံးအတွက် ဝမ်းနည်းဖွယ်အကောင်းဆုံး နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ နိုင်ငံအတွက် လေ့လော်ရင်း တက်ကျိုးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားခဲထားသော ပန်းတိုင်နှင့် လက်တစ်ကမ်းအလိုတွင်အဖြစ်ဆိုးကြုံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရေးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်၊ မျှော်လင့်ချက်၊ ပြည်သူများကို ပေးချင်ဆုံးအရာဖြစ်သည်။ သူ၏ဘဝနှင့် လွတ်လပ်ရေးသည် တစ်သားတည်းဖြစ်ခဲ့သည်ကို တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သိတတ်စကျောင်းသားဘဝအရွယ်ကတည်းကပင် နိုင်ငံ့လွတ်လပ်ရေးအတွက် တစိုက်မတ်မတ် ကြိုးစားခဲ့သည်။ နယ်ချဲ့လက်အောက်နေခဲ့ရသည့် ဖိနှိပ်ခံ၊ နှိမ့်ချခံဘဝကို ခံစားခဲ့ရသူပီပီ လွတ်လပ်ရေး၏ တန်ဖိုးကို နားလည်ခဲ့သည်။ လွတ်လပ်သောပြည်သူတစ်ယောက်၏ဘဝကို တောင့်တခဲ့သည်။ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး လွတ်လပ်ရန် သူ၏ဘဝ တစ်ခုလုံးကို နှစ်မြှုပ်ခဲ့သည်။ တက္ကသိုလ်တက်သည့် ကျောင်းသားဘဝသည်ပင် အမှန်တကယ်က နိုင်ငံရေးလုပ်သည့်ဘဝသာ ဖြစ်ခဲ့သည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် ကိုယ်ပိုင်ဘဝဆိုသည်ထက် သေဆုံးသည့်အချိန်အထိ ပြည်သူများအတွက် ဘဝသာ ဖြစ်ခဲ့ပါသည်။ လေးစားအတုယူဖွယ် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်လျှောက် ထိုသို့လုပ်ဆောင်မှုနှင့် စိတ်သဘောထားကိုကြည့်လျှင် နိုင်ငံချစ်စိတ်၏ အဓိပ္ပာယ်နှင့် မျိုးချစ်စိတ်၏အဓိပ္ပာယ်ကို ရှင်းလင်းစွာတွေ့ရပြီး မျိုးဆက်သစ်များအတွက် အတုယူစရာဖြစ်ပါသည်။

မျိုးချစ်စိတ်ဆိုသည်ကို တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ဟု အဘိဓာန်က ဖွင့်ဆိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သောစိတ်သာမကပါ။ ကိုယ်ကျိုးစွန့်၍ ပေးဆပ်မှု၊ စွန့်လွှတ်မှုများနှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်ခဲ့ပါသည်။ ထိုမျိုးချစ်စိတ်ကို လက်တွေ့ကျကျ ပြသခဲ့ပါသည်။

**လက်တွေ့လိုက်နာကျင့်ကြံ**

မျိုးချစ်စိတ်ဆိုသည်က ချစ်နေရုံဖြင့် ပြီးသည်မဟုတ်။ ပြောနေရုံဖြင့် အကောင်အထည်ပေါ်သည်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းက မျိုးချစ်စိတ်ကို လက်တွေ့ပြသခဲ့သည်။ ထို့အတွက်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် လူထုတစ်ရပ်လုံးစည်းလုံးမှုဖြင့် လွတ်လပ်ရေးပန်းတိုင်အရောက်လှမ်းနိုင်ခဲ့သည်က သက်သေပင်ဖြစ်သည်။ ထိုအလားတူပင် မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်ရှိခဲ့ကြသဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်ခဲ့ကြသည် မဟုတ်ပါလား။ စုပေါင်းကြိုးစားမှု၏ အသီးအပွင့် လွတ်လပ်ရေးရရှိခဲ့သည် မဟုတ်ပါလား။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ နယ်ချဲ့ကိုတော်လှန်တိုက်ခိုက်ခဲ့ကြသည်။ နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ရင်း အသက်စွန့်ခဲ့ကြသူများမှာ မရေမတွက်နိုင်အောင်ပင် ရှိခဲ့သည်။ ထိုသို့ကျရာတာဝန်မှ ဝိုင်းဝန်းကြိုးပမ်းကြခြင်းကြောင့် ယနေ့မိမိတို့ခံစားနေရသည့် လွတ်လပ်ရေးကြီး ရရှိခဲ့ခြင်းပင်ဖြစ်ပါ၏။ ယနေ့ဆိုလျှင် လွတ်လပ်ရေးဖခင်ကြီးများ၏ ကျေးဇူးဖြင့် မိမိတို့အားလုံး လွတ်လပ်သောနိုင်ငံတော်ကြီးတွင် အများနှင့်တန်းတူ နေထိုင်နေကြရပြီ ဖြစ်သည်။

သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ မျှော်မှန်းခဲ့သည်က လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုထက် ပိုပါသည်။ လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန် ကိုးချက်တွင် ပါဝင်သော ငါတို့သည် ဤနေ့ဤအချိန်မှစ၍၊ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿဟရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။ ဟူသော အဓိဋ္ဌာန်ကို လိုက်နာကျင့်ကြံ၍ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော၊ တိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရန် ဆက်လက်လုပ်ဆောင်ကြရဦးမည်ဖြစ်ပါသည်။ ယင်းသို့ကြိုးပမ်းကြရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို ဗိုလ်ချုပ်အောင်ဆန်း လက်တွေ့လိုက်နာကျင့်ကြံသကဲ့သို့ ကိုယ်စီ ကိုယ်စီ လိုက်နာကြမှသာ ရည်မှန်းချက်တို့ အကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။

**အမျိုးသားညီညွတ်ရေး**


ယနေ့မိမိတို့နိုင်ငံတော်ကြီးအား ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန်ဆိုပါက လွတ်လပ်ရေး ကြိုးပမ်းစဉ်ကကဲ့သို့ပင် အမျိုးသားညီညွတ်ရေး လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုမှာ ယင်းနိုင်ငံ၏ အင်အားဖြစ်ပါသည်။ ထို့အတူ မြန်မာနိုင်ငံအနာဂတ်ခရီးအတွက် အရေးပါဆုံးအခြေခံလိုအပ်ချက်လည်း ဖြစ်ပါသည်။ မြန်မာ့သမိုင်းအဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် အမျိုးသားညီညွတ်ရေးကို အဓိကထောက်တိုင်အဖြစ် တွေ့ရပါသည်။ တိုင်းရင်းသား လူမျိုးများနှင့် မတူကွဲပြားမှုများပြားသော မိမိတို့နိုင်ငံတွင် ရေရှည်ခိုင်မာသော အမျိုးသားညီညွတ်ရေး တည်ဆောက်ရန် အထူးလိုအပ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝ နိုင်ငံရေးလောကသို့ စတင်ခြေချသည့် ၁၉၃၅ ခုနှစ်မှ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်အထိ နှစ်ပေါင်း ၁၂ နှစ်အတွင်း အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ယနေ့ဆိုလျှင် မိမိတို့နိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ကျော်ပြီဖြစ်သည်။ အမျိုးသားညီညွတ်ရေးမှာ မြင့်တုံနိမ့်တုံဖြင့် ခရီးဆက်နေရဆဲဖြစ်သည်။ အမျိုးသားညီညွတ်ရေး အားနည်းနေသမျှ နိုင်ငံတည်ဆောက်ရေး အခက်အခဲများရှိနေဦးမည် ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "ယခုအစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် သည်ကိုရောက်လာတဲ့ကိစ္စ နားလည်တာ တစ်ခုရှိပါတယ်။ ဘာလဲဆိုလျှင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ သည်ဟာပါပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဟို့လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားလာပါတယ်။ နောင်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်" ဟု ပြောကြားခဲ့ပါသည်။ မှတ်သားလိုက်နာဖွယ် ဖြစ်ပါသည်။

ယနေ့လည်း ထို့အတူပင်။ နိုင်ငံ၏ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းဖို့ဆိုပါလျှင် ညီညွတ်ကြရမည်ဖြစ်ပါသည်။ သို့မှ ကြီးပွားတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*



❑ မျိုးချစ်စိတ်ဆိုသည်က ချစ်နေရုံဖြင့် ပြီးသည်မဟုတ်။ ပြောနေရုံဖြင့် အကောင်အထည်ပေါ်သည်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းက မျိုးချစ်စိတ်ကို လက်တွေ့ပြသခဲ့သည်။ ထို့အတွက်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် လူထုတစ်ရပ်လုံးစည်းလုံးမှုဖြင့် လွတ်လပ်ရေးပန်းတိုင်အရောက်လှမ်းနိုင်ခဲ့သည်က သက်သေပင်ဖြစ်သည်

## မမှိတ်မသုန် စောင့်ရှောက်ကုန်လော့

(၁၉) ဇူလိုင်၊ မမေ့နိုင်သေး
အသက်သွေးကို၊ စတေးခဲ့ကြ
အဖဗိုလ်ချုပ်၊ ဇီဝိန်ပြုတ်အောင်
လူယုတ်ဗာလာ၊ အပေါင်းပါကြောင့်
သူငါဝိုင်ကြွေး၊ ရှိုက်ဖိုဆွေးအောင်
အသက်ပေးခဲ့ရ ထိုကာလ။

တိုင်းပြည့်အရေး၊ အစဉ်တွေး၍
ဆွေးနွေးတိုင်ပင်၊ စည်းဝေးစဉ်ဝယ်
ဝင်လာရမ်းကား ၊ ပစ်ခတ်သွားမို့
သားစဉ်မြေးဆက် ၊ အဖြေခက်...။

သို့နှင့်မကြာ ၊ တို့မြန်မာဝယ်
ချုပ်ခြာပင်မ၊ လွတ်ရေးရခဲ့
သို့ရစေရေး ၊ အသက်သွေးတို့
စတေးခဲ့ရာ ၊ မြင်ကြည့်ပါရင်း
ချုပ်ခြာရေးခွင့် ၊ မဆုံးလင့်အောင်
ကမ်းဆင့်တာဝန် ကျေကြလော့...။

နောင်လာနောက်သား၊ နှောင်းလူများတို့
စိတ်အားထက်သန်၊ ဖွဲ့မာန်အပြည့်
ထိထိရောက်ရောက်
မဖောက်မသွေ၊ ကြိုးစားလေလော့
မလျှော့လုံ့လ၊ ဝီရိယဖြင့်
ရပြီးလန်းဆန်း ၊ လွတ်လပ်ပန်းကို
လက်လှမ်းမီမီ
တည်ကြည်ခန့်စွာ ထိန်းသိမ်းပါလော့
စေတနာထား မှာစကားကို
ထားရစ်ခဲ့ပြီ သားဇာနည်။

**ဘိုမျိုး(ရွှေဘို)**

## စားသုံးသူပြည်သူများ လက်ဝယ်အရောက် စားအုန်းဆီများ သက်သာသော ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးသူပြည်သူများ နေ့စဉ်ဝယ်ယူသုံးစွဲလျက်ရှိသော စားအုန်းဆီများ ဈေးနှုန်းကျဆင်းရေးနှင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းစီစဉ်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊ စမ်းချောင်း၊ လှိုင်၊ လှည်းကူးနှင့် မှော်ဘီမြို့နယ်များသို့ ဈေးကား ၁၆ စီး စေလွှတ်၍ စားအုန်းဆီများကို အရင်းဈေးနှုန်းအပေါ်တွင် ၁၀ ရာခိုင်နှုန်းထက်မကျော်သော သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် တိုက်ရိုက်ရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိနေသည့် မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း စဉ်ဆက်မပြတ် ဆက်လက်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ငွေကျပ် ၃၅၀ ဝန်းကျင်သာ ဈေးရရှိခဲ့ကြောင်း သီပေါမြို့နယ် နမ်အွမ်ရွာမှ နာနတ်စိုက်ပျိုးရောင်းချသူ မရင်ဟွန်းက ပြောသည်။

"နာနတ်သီးက ဒီနှစ်မှာ ရောင်းအား ကောင်းပါတယ်။ မနှစ်က ကိုဗစ် ရောဂါကြောင့် ကူးသန်းသွားလာရေးတွေ အဆင်မပြေတဲ့အတွက် ဈေးကောင်းမရခဲ့ပါဘူး။ အရွယ်အစားအလိုက် ရောင်းချရပါတယ်။ ခုချိန်မှာ နာနတ်သီး အလုံးကြီးတွေက ကုန်သွားပါပြီ။ ဧက ၂၀ စိုက်ပျိုးထားပြီး အလုံးရေကတော့ ၃၅၀၀၀ လောက် ခန့်မှန်းထားပါတယ်။ ကိုယ်တိုင် အွန်လိုင်းဈေးကွက်နဲ့ ရောင်းပါတယ်။ ဒါ့အပြင် လက်လီလက်ကားလည်း ရောင်းချပေးပါတယ်။ ဒီနှစ်မှာ မြေဩဇာအပါအဝင် စိုက်ပျိုးရေးသုံးသွင်းအားစုများ၊ စက်သုံးဆီနဲ့ လုပ်အားခ ဈေးနှုန်းတွေ မြင့်တက်လာတာကြောင့် နာနတ်သီးဈေးနှုန်းက အရင်နှစ်ထက် ရောင်းဈေးမြင့်လာပေမယ့် စိုက်ပျိုးရောင်းချသူတွေအနေနဲ့ တွက်ခြေကိုက်တယ်လို့ မပြောနိုင်ဘဲ ပုံမှန်အနေ အထားသာရှိပါတယ်" ဟု ၎င်းက ပြောသည်။

သီပေါဒေသမှ နာနတ်သီးများစွာထွက်ရှိ၍ မူဆယ်၊ ရန်ကုန်၊ မကွေး၊ မန္တလေးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း၊ အောက်ပိုင်းဒေသများသို့ တင်ပို့ရောင်းချကြောင်း၊ နှစ်စဉ် ဇွန်လတွင် ဈေးကွက်သို့ တင်ပို့ရောင်းချကာ စက်တင်ဘာလတွင် နာနတ်ရာသီကုန်ဆုံးပြီး ပေါ်ဦးစဉ် တစ်လုံးလျှင်တစ်ပိဿာခွဲခန့် အရွယ်များထွက်ရှိ၍ နောက်ပိုင်းတွင် တစ်ပိဿာအောက် အရွယ်များသာ ထွက်ရှိကြောင်း သိရသည်။

သီပေါ နာနတ်သီးများမှာ တစ်ပိဿာအထက်ရှိပါက တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ရောင်းချပြီး အလတ်စားမှာ ငွေကျပ် ၇၀၀ ဝန်းကျင်နှင့် အသေးဆုံး ၆၀ သားဝန်းကျင်မှာ ငွေကျပ် ၅၀၀ ဝန်းကျင်ဖြင့် ရောင်းချကြောင်း၊ နာနတ်သီးမှာ ကချင်ပြည်နယ် အင်းတော်၊ ဗန်းမော်ဒေသများမှလည်းထွက်ရှိ၍ မန္တလေး ဈေးကွက်သို့ တင်ပို့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

❈ *ကျောဖုံးမှ*

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အရေးနိမ့်ခဲ့သည့် နာမည်ကြီး ဗီယက်နမ်အသင်းကို အပြန်အလှန် သွင်းဂိုးများဖြင့် အနိုင်ရကာ တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် စန်းသော်သော်၏ ဟက်ထရစ်အပါအဝင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စန်းသော်သော်သည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ဒဏ်ရာကြောင့် လွဲချော်ခဲ့ရပြီး ယခုပြိုင်ပွဲမှ ပြန်လည်ကစားနိုင်ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း နှစ်ကြိမ်တိုင် နောက်မှပြန်လိုက်ကစားရသော်လည်း အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် စန်းသော်သော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်းသည် ခံစစ်ပိုင်းအမှားများရှိခဲ့သဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးပြန်ပေးခဲ့ရသည်။ ၂၄၊ ၄၁ မိနစ်တွင် တိုက်စစ်မှူး ဟူယင်ချူက နှစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၅၈ မိနစ်တွင် စန်းသော်သော်က ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် မြန်မာဂိုးသမားနှင့် နောက်ခံလူတို့ နားလည်မှုလွဲသည်ကို အခွင့်ကောင်းယူကာ ၈၂ မိနစ်တွင် ဖန်ဟိုင်ယန်က ဗီယက်နမ်အသင်းအတွက် တတိယဂိုး သွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်း၏ အံ့အားသင့်ဖွယ် ပြန်လာနိုင်ခဲ့ပြီး ၈၄ မိနစ်တွင် လင်းမြင့်မိုရ်က ချေပဂိုး၊ ၈၈ မိနစ်တွင် စန်းသော်သော်က အနိုင်ဂိုး သွင်းယူခဲ့သဖြင့် မြန်မာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ စန်းသော်သော်သည် ဒဏ်ရာကြောင့် ဆီးဂိမ်းပြိုင်ပွဲ လွဲချော်ခဲ့ရသော်လည်း ယခုပွဲတွင် ဟက်ထရစ်သွင်းယူကာ မြန်မာအသင်းကို တတိယရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် အစဉ်အလာကို အဆုံးသတ်နိုင်ခဲ့ပြီး တတိယဆုရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆု နှစ်ကြိမ်၊ ဒုတိယဆု သုံးကြိမ်၊ တတိယဆု သုံးကြိမ် ရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ပထမဆုံးအကြိမ် ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံအသင်းသစ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

---

*စာမျက်နှာ ၈ မှ*

### ပဋိပက္ခသံသရာမှရုန်းထွက်

ယခုဆိုလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၇၅ နှစ်ရှိပြီဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ကြရဦးမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ပထမဦးစွာလိုအပ်သည့် ပြည်တွင်းပဋိပက္ခသံသရာမှ ရုန်းထွက်ရေးအတွက်အဖြေမှာ ငြိမ်းချမ်းရေးဟု မြင်ပါသည်။ မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးနှင့် သက်ဆိုင်သော ငြိမ်းချမ်းရေးတွင် အတိမ်အနက်၊ ရှုပ်ထွေးနက်နဲမှုများရှိနေသည်မှာ မှန်သော်လည်း ပြည်ထောင်စုနိုင်ငံသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် ထိုငြိမ်းချမ်းရေးကို စုပေါင်းဖြေရှင်းကြမည်ဆိုပါက အဖြေသည် လက်တစ်ကမ်းတွင်ရှိနေသည်ဟုလည်း ယုံကြည် မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါ့မယ်ဆိုသည့် သန္နိဋ္ဌာန်စိတ်ထားကဲ့သို့ပင် ပဋိပက္ခသံသရာမှရုန်းထွက်ရန်ဆိုပါလျှင် လုံးလုံးငြိမ်းချမ်းတဲ့အထိ စုပေါင်းအဖြေရှာကြရမည် ဖြစ်ပါသည်။

### မျိုးဆက်သစ်တို့အတွက်အမွေ

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများသည် မျိုးဆက်သစ်တို့အတွက် အသက်သွေးချွေးတို့ပေးဆပ်ပြီး တာဝန်ကျေခဲ့ပြီးကြပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် သူ၏ကြိုးစားမှု အသီးအပွင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော ပြည်သူများ၏ ဘဝကို မြင်မသွားရရှာခဲ့ပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ကြိုးစားအားထုတ်မှု၊ ရလာသောရလဒ်တို့အပေါ် တမလွန်ဘဝမှ ကျေနပ်နေမည်ဟု ယုံကြည်ပါသည်။ မိမိတို့သည်လည်း သရက်ပင်စိုက်ပျိုးသော အဘိုးအိုပမာ မိမိစိုက်ပျိုးသောအပင်မှ အသီးကို မိမိစားသုံးရသည်ဖြစ်စေ၊ မစားသုံးရသည်ဖြစ်စေ အနာဂတ်မျိုးဆက်သစ်တို့အတွက် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ယင်းမှာ မျိုးဆက်အသီးသီး၏ တာဝန်ပင်မဟုတ်ပါလား။

မိမိတို့မျိုးဆက်အဆင့်ဆင့် တာဝန်ကျေမှသာ နိုင်ငံသည်လည်း အဆင့်ဆင့် တိုးတက်လာမည်ဖြစ်ပါသည်။ ထိုသို့တိုးတက်လာရန် ကြိုးစားကြရဦးမည်ဖြစ်ပါသည်။ ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်သားဖွယ်စကားကို ထပ်မံညွှန်းလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှတို့ထံ လွတ်လပ်ရေးအတွက် အရေးဆိုရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဘိလပ်သို့ သွားရောက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအစိုးရ၏ ဖိတ်မန်ချက်အရ သွားရမည့်ဆဲဆဲတွင် "ခါးတောင်းကျိုက် မဖြုတ်ကြနှင့်" ဟု ပြည်သူလူထုအား အသင့်ရှိစေရန် မှာကြားခဲ့သည်ဟု မှတ်သားရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး ရကိုရရမည်ဆိုသည့် ရည်မှန်းချက်အတိုင်း သူကိုယ်တိုင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားခဲ့ပါသည်။ ထို့အတူ ပြည်သူလူထု တစ်ရပ်လုံးကိုလည်း အားမလျှော့ကျရန် မှာကြားခဲ့ပါသည်။ မိမိတို့အားလုံးသည်လည်း ငြိမ်းချမ်းရေးရသည်အထိ ခါးတောင်းကျိုက်မဖြုတ်ဘဲ ကြိုးစားခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးအား ကျေးဇူးဆပ်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

**ကိုးကား**

(ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ၊ စာပေဗိမာန်)




## ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်း ရှမ်းပြည်နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တာဝန်ထမ်းဆောင်နေကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များအပေါ် မှာကြားပြီး မြို့နယ်နှင့် ခရိုင်အတွင်းရှိ ရုံးများသို့ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၆ရက်ကကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကလောမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များ၊ သက်သာချောင်ချိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

## ဒုတိယဝန်ကြီး ဦးဝင်းဖေ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ လမ်း၊တံတား၊ အဆောက်အဦ ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကျိုင်းတုံဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကျိုင်းတုံဝန်ထမ်းအိမ်ရာ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်များ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် လမ်းပေါ်ရှိ တံတားအမှတ် (၁/၆၂၉) ကျိုင်းဖောင်းတံတားသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများကို စီမံချက်ပါအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပင်မတံတားပြီးစီးချိန်တွင် ချဉ်းကပ်လမ်းပါ တစ်ပြိုင်တည်း ဟန်ချက်ညီပြီးစီးရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ယင်းလမ်း၏ ၄ ဒသမ ၅ ကီလိုမီတာနှင့် ၅ ကီလိုမီတာအကြားရှိ ပေ ၅၀ တံတားနှင့် ၆ ဒသမ ၅ ကီလိုမီတာ နှင့် ၇ ကီလိုမီတာအကြားရှိပေ ၈၀ RC တံတား ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှောင်လမ်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲလင်းက ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လျာထားလုပ်ငန်းများကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရန်၊ အကွေ့နေရာများတွင် သတ်မှတ်ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်ရန်နှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ကျောက်စီရေမြောင်း ဆောင်ရွက်ရန်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရီးစဉ်တွင် လမ်းညွှန်ချက်များအတိုင်း တာဝန်ရှိသူအဆင့်ဆင့်က အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၁၇**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြား ထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Com-mander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၇

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် သရက်မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သရက်တပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ ဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော သရက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း**




**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ




ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Irregular Verbs (ပုံမမှန်ကြိယာ) နဲ့ Regular Verbs (ပုံမှန်ကြိယာ) တို့ရဲ့ အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေကို ဇယားနဲ့တကွဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ကြိယာတွေဟာ ဝါကျဖွဲ့တဲ့အခါမှာ သက်ဆိုင်ရာ အချိန်ကာလအမျိုးမျိုးအတွက် အသုံးဝင်မှာဖြစ်တဲ့အတွက် အသေအချာလေ့လာထားစေချင်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about your daily routine in English–2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary ပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ Irregular Verbs (ပုံမမှန်ကြိယာ) နဲ့ Regular Verbs (ပုံမှန်ကြိယာ) တို့ရဲ့အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေကို ဇယားနဲ့တကွ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ ကြိယာပုံစံတွေကို လေ့လာထားဖို့ လိုပါတယ်။ အဲလိုလေ့လာထားမှသာ နောင် Tenses တွေအကြောင်း ဆက်လက် ရှင်းပြတဲ့နေရာမှာ လွယ်လွယ်ကူကူနားလည်မှာဖြစ်သလို ကောင်းကောင်းအသုံးပြုတတ်မှာ ဖြစ်ပါတယ်။

| | | | |
|---|---|---|---|
| show | showed | shown | showing |
| sing | sang | sung | singing |
| sink | sank | sunk | sinking |
| sit | sat | sat | sitting |
| sleep | slept | slept | sleeping |
| sow | sowed | sown | sowing |
| speak | spoke | spoken | speaking |
| spend | spent | spent | spending |
| stand | stood | stood | standing |
| steal | stole | stolen | stealing |
| strike | struck | struck | striking |
| swell | swelled | swollen | swelling |
| swim | swam | swum | swimming |
| take | took | taken | taking |
| teach | taught | taught | teaching |
| tear | tore | torn | tearing |
| tell | told | told | telling |
| think | thought | thought | thinking |



REGULAR VERBS

ENGLISH GRAMMAR

Those verbs that form their past participle with 'd' or 'ed' are regular verbs. These verbs do not undergo substantial changes while changing forms between tenses.

| BASE FORM | SIMPLE PAST | PAST PARTICIPLE |
|---|---|---|
| Accept | Accepted | Accepted |
| Achieve | Achieved | Achieved |
| Add | Added | Added |

| | | | |
|---|---|---|---|
| throw | threw | thrown | throwing |
| wake | woke | waked/woken | waking |
| wear | wore | worn | wearing |
| win | won | won | winning |
| wind | wound | wound | winding |
| write | wrote | written | writing |

အခုထပ်မံဖော်ပြပေးမယ့် အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေမှာတော့ Past tense (V2) နဲ့ Past Participle (V3) တို့ရဲ့ အဆုံးသတ်ပုံစံတွေ တူညီနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီ Verbs (ကြိယာ) ပုံစံတွေကိုတော့ ပုံမှန်ကြိယာ (Regular Verbs) လို့ ခေါ်ပါတယ်။

| Present Tense | Past Tense | Past Participle | Present Participle |
|---|---|---|---|
| add | added | added | adding |
| advise | advised | advised | advising |
| agree | agreed | agreed | agreeing |
| allow | allowed | allowed | allowing |
| appear | appeared | appeared | appearing |
| arrange | arranged | arranged | arranging |
| arrive | arrived | arrived | arriving |
| behave | behaved | behaved | behaving |
| breathe | breathed | breathed | breathing |
| care | cared | cared | caring |

| | | | |
|---|---|---|---|
| carry | carried | carried | carrying |
| cause | caused | caused | causing |
| change | changed | changed | changing |
| close | closed | closed | closing |
| compare | compared | compared | comparing |
| complete | completed | completed | completing |
| continue | continued | continued | continuing |
| copy | copied | copied | copying |

## Vocabulary (Idioms)

1. to put one's shoulder to the wheel (အောင်မြင်စေရန် ကျိုးရှုန်းလုပ်သည်။ လက်ကြောတင်းတင်းလုပ်သည်။)
   Come on, everyone, put your shoulders to the wheel – we've got a lot to do.
2. to tell a white lie (တစ်စုံတစ်ယောက်ကို မထိခိုက်စေလို၍ စေတနာမုသားပြောသည်။)
   He told a little white lie as his excuse for missing the party.
3. to spin a yarn (ပုံပြင်ပြောသည်။)
   The old sailor loves to spin yarns about his life at sea.
4. below the belt
   (မလျော်မကန်ပြုမူသည်။ မတရားသဖြင့်ပြုမူသည်။)
   That was distinctly below the belt.
5. to be in black and white
   (စာနှင့်ပေနှင့် အခိုင်အမာရေးသည်။)
   I could hardly believe it but there it was in black and white on the front page.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### Shortest way to talk about your daily routine in English–2

**ဒီတစ်ပတ်မှာတော့ talking about free time habits (အားလပ်ချိန်လုပ်လေ့ရှိတဲ့ အလေ့အကျင့်များ) အကြောင်းပြောတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about your daily routine in English–2" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**




***don't have the energy to do much else***

၁။ တခြားလုပ်စရာ၊ တခြားဟာ တစ်ခုခုလုပ်ဖို့ စွမ်းအင်တွေမရှိတော့ဘူးဆိုပြီး ပြောရင် ဒီလိုပြောရပါတယ်။ ဥပမာ–

- I don't have the energy to do much else.

***It's hard to ….***

၂။ တစ်ခုခုလုပ်ဖို့ ခက်ခဲတယ်ဆိုရင် It's hard to …ဆိုပြီး ပြောနိုင်ပါတယ်။ "to" ရဲ့ အနောက်မှာတော့ Base Form of the Verb (ကြိယာအခြေခံ) ပုံစံလိုက်နိုင်ပါတယ်။ ဥပမာ –

- It's hard to motivate yourself.

***start + Ving***

၃။ start ရဲ့နောက်မှာ Ving လိုက်တဲ့ပုံစံမျိုးနဲ့လည်း ကိုယ့်ရဲ့လုပ်ဆောင်ချက်ကို ဖော်ပြပြောဆိုနိုင်ပါတယ်။ ဥပမာ–

- I've started going to a boxing class twice a week.

**Conversation**

**What do you do after work?**

**Owen:** What do you do in the evening after work?

**Suzan:** Honestly, most days I'm so tired when I get home that I just crash on the sofa and watch TV. I don't like it, but ***I don't have the energy to do much else.*** I play tennis on Wednesdays, but that's it.

**Owen:** I know the feeling. ***It's hard to motivate yourself*** when you've been at work all day.

**Suzan:** What about you?

**Owen:** I'm the opposite. I'm stuck at home all day, so when I'm free, I'm desperate to get out of the house to do some exercise, talk to people … I try to arrange something most evenings.

**Suzan:** What kind of thing do you do?

**Owen:** Lots of stuff! ***I've started going to a boxing class twice a week***, and I also play basketball with a group of friends every Thursday. Then I'll generally go out with friends for a coffee or a drink on one or two evenings too.

**Suzan:** Wow! You're pretty busy.

**Owen:** Yeah, but I prefer it that way.

**Suzan:** I'm more active on weekends, but during the work week, there just isn't the time.

**Talking about your free time**

- What do you do in the evening after work?
- Are you active? Do you like going out and doing lots of different things, or do you prefer to stay at home and relax?

**If you're more active**

- I like to get out of the house when I can.
- I try to arrange something most evenings.
- I prefer to stay busy.

**If you prefer staying at home**

- I don't have the energy to do much after work.
- I just crash on the sofa and watch TV when I get home.
- During the work week, there just isn't the time to do much.

**How often you do things:**

- Often
- Generally
- Sometimes
- Occasionally

**Time phrases**

- Once a week (I go out with friends once a week.)
- On Wednesdays (I go to the bouldering gym on Wednesdays.)
- Every Friday (I play tennis every Friday.)
- After I get home (I generally go running around the park after I get home.)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အာရှ၏ပထမဆုံးသော ကုန်တင်ကုန်ချလေဆိပ်ကို တရုတ်နိုင်ငံအလယ်ပိုင်းတွင် စတင်ဖွင့်လှစ်

**ဝူဟန် ဇူလိုင် ၁၇**

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကုန်တင်ကုန်ချ လေဆိပ် တရားဝင် စတင်လည်ပတ်ခြင်း အထိမ်းအမှတ်အဖြစ် ဟူပေး ပြည်နယ်အီကျိုးဟွားဟူလေဆိပ်၌ ဘိုးရင်း ၇၃၇ - ၃၀၀ ကုန်တင်လေယာဉ် တစ်စင်းသည် ဇူလိုင် ၁၇ ရက်နံနက် ၁၁ နာရီ ၃၆ မိနစ်တွင် စတင်ပျံသန်းခဲ့သည်။

တရုတ်နိုင်ငံ အီကျိုးမြို့တွင် တည်ရှိသည့် အဆိုပါ လေဆိပ်သည် အာရှတိုက်၏ ပထမဆုံးသော ပရော်ဖက်ရှင်နယ်ကုန်တင်ကုန်ချ လေဆိပ်လည်းဖြစ်ပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက်ဖွင့်လှစ်သည့် ကုန်တင်ကုန်ချ လေဆိပ်အမျိုးအစားဖြစ်သည်။ အဆိုပါ လေဆိပ်သစ်သည် စတုရန်းမီတာ ၂၃၀၀၀ ကျယ်ဝန်းပြီး ကုန်စည်ပို့ဆောင်ရေးစခန်း အကျယ်အဝန်း စတုရန်းမီတာ ၇၀၀၀၀၀ ခန့်၊ ကားရပ်နားရန်နေရာ ၁၂၄ ခုနှင့် ပြေးလမ်း နှစ်ခုတို့ ပါဝင်ကာ လေကြောင်းကုန်စည်ပို့ဆောင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်မည်ဖြစ်သည်။



တရုတ်နိုင်ငံ၏ ပထမဆုံးသော ကုန်တင်ကုန်ချလေဆိပ် တရားဝင် စတင်လည်ပတ်နေသည်ကို တွေ့ရစဉ်။

အီကျိုးဟွားဟူ လေဆိပ်လည်ပတ်မှုသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များနှင့် ကိုက်ညီကြောင်း လေဆိပ်စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အကြီးတန်း ညွှန်ကြားရေးမှူးဖြစ်သူ စုလျှိုးရန် က ဆိုသည်။

တရုတ်နိုင်ငံ၏ ကုမ္ပဏီများမှ ပို့ဆောင်သည့် ကုန်စည်အရေအတွက်သည် ယမန်နှစ်က ၁၀၈ ဘီလီယံကျော်အထိ စံချိန်တင်မြင့်မားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တည်ငြိမ်သော တိုးတက်မှုကို ဆက်လက် ထိန်းသိမ်းထားရန် မျှော်လင့်ထားကြောင်း ပြည်နယ်ပို့ဆောင်ရေးဌာနမှ သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံမြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသအာဏာပိုင်များ သတိပေး

**တိုကျို ဇူလိုင် ၁၇**

ဂျပန်နိုင်ငံ၌ မြောက်ပိုင်းဒေသများတွင် အဓိကအားဖြင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် သဘာဝဘေးများ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအာဏာပိုင်များက သတိပေးထားသည်။

ပစိဖိတ်သမုဒ္ဒရာ၏ ကမ်းရိုးတန်းဒေသများကို ဦးတည်ခြင်းနှင့် လေဖိအားနည်း ရပ်ဝန်းတစ်ခုကြောင့် ဒေသတွင်း မိုးတိမ်တောင်များ ဖြစ်ထွန်းနေကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။ ဟော့ကိုင်းဒိုးကျွန်း၏ ပြည်နယ်မြောက်ပိုင်းရှိ ကူရှီရိုမြို့၌ ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီမှ ၂၄ နာရီအတွင်း မိုးရေချိန် ၁၂၃ မီလီမီတာ ရွာသွန်းကြောင်း၊ ဇူလိုင်တစ်လလုံးအတွက် မိုးရွာသွန်းမှုနှုန်းထက် ကျော်လွန်ကြောင်း သိရသည်။ တိုဟိုကူဒေသတွင် ဇူလိုင် ၁၇ ရက် နှောင်းပိုင်းနှင့် ဟော့ကိုင်းဒိုးကျွန်းတွင် ဇူလိုင် ၁၈ ရက် အစောပိုင်းအထိ လေထုအခြေအနေမှာ တည်ငြိမ်မှုမရှိနိုင်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း မိုးရေချိန်မှာ ကျူရှူးကျွန်းမြောက်ပိုင်းတွင် ၁၀၀ မီလီမီတာ၊ တိုဟိုကူနှင့် ဟော့ကိုင်းဒိုးကျွန်းတို့တွင် ၈၀ မီလီမီတာနှင့် ချူဂိုကူဒေသတွင် ၆၀ မီလီမီတာအထိ မိုးရွာသွန်းမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ဇူလိုင် ၁၉ ရက် ညနေအထိ ၂၄ နာရီအတွင်း နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်း ကျူရှူးကျွန်းတွင် မိုးရေချိန်မှာ ၂၀၀ မီလီမီတာမှ ၃၀၀ မီလီမီတာအထိ ရွာသွန်းနိုင်ကြောင်း၊ ချူဂိုကူဒေသတွင် မိုးရေချိန် ၁၀၀ မှ ၁၅၀ အထိ ရွာသွန်းနိုင်ကြောင်း သိရသည်။ မြေနိမ့်ပိုင်းဒေသများတွင် မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများ သတိပြု နေထိုင်ကြရန် မိုးလေဝသအာဏာပိုင်များက တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ




# ဆားဘီးယားသို့ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှု တရုတ်စတင်

**ဘဲလ်ဂရိတ် ဇူလိုင် ၁၇**

တရုတ်နိုင်ငံ ဟိုင်နန်လေကြောင်းလိုင်းသည် တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းမှ ဆားဘီးယားနိုင်ငံ၏ မြို့တော် ဘဲလ်ဂရိတ်သို့ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုကို စနေနေ့က စတင်ခဲ့ပြီး ဘဲလ်ဂရိတ်နီကိုလာတက်စ်လာလေဆိပ်၌ ကြိုဆိုပွဲပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ထိုကဲ့သို့ နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲခြင်းက တရုတ်နိုင်ငံမှ ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများနှင့်အတူ ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်လာသောဆားဘီးယားသမ္မတ အလက်ဇန္ဒြား ဗူဆစ်က ပြောသည်။ အဆိုပါ ပေကျင်းမှ ပထမဆုံးအကြိမ် ပျံသန်းပြေးဆွဲသော လေယာဉ်သည် စနေနေ့နံနက်ပိုင်းတွင် ဆိုက်ရောက်ခဲ့ပြီး သမ္မတ ဗူဆစ်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ဆားဘီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ချန်ဘိုလည်း အဆိုပါကြိုဆိုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၎င်းက ထိုကဲ့သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမှု ခရီးစဉ်သည် နှစ်နိုင်ငံကြား ခရီးသည်များ ကူးလူးဖလှယ်မှုကို မြှင့်တင်ရာရောက်ရုံသာမက နှစ်နိုင်ငံကြား နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း အခွင့်အလမ်းအသစ်များ ပွင့်လင်းလာမည်ဖြစ်သည်ဟု ပြောကြားသည်။

ဆင်ဟွာ

## နိုင်ငံတကာသတင်းတိုများ

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၀၀၀၀ ကျော်တွေ့ရှိမှု လေးရက်ဆက်ရှိလာ

■ အိန္ဒိယနိုင်ငံသည် တနင်္ဂနွေနေ့တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၀၀၀၀ ကျော် တွေ့ရှိခြင်းသည် လေးရက်ဆက်ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၂၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၄၉ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း သေဆုံးသူ စုစုပေါင်း ၅၂၅၇၀၉ ဦးအထိ ရှိလာပြီဖြစ်သည်။

.........................

### မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၅၀၄၇ ဦး တွေ့ရှိ

■ မလေးရှားနိုင်ငံသည် စနေနေ့ည သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၅၀၄၇ ဦး စစ်ဆေးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါကူးစက်ခံရသူများအနက် သုံးဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ၅၀၄၄ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အချက်အလက်အရ သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ လေးဦးရှိကြောင်း သိရသည်။

.........................

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၂၀ ကျော်လာသည့် ခုနစ်နိုင်ငံမြောက် အီတလီဖြစ်လာ

■ အီတလီနိုင်ငံ၌ စနေနေ့တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၉၀၀၀၀ နီးပါးရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၀ ဒသမ ဝ၈ သန်းအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ သိရသည်။ ဒဗလျူအိတ်ချ်အို၏ အချက်အလက်အရ အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၂၀ ကျော်လာခြင်းသည် ခုနစ်နိုင်ငံမြောက် သန်း ၂၀ ကျော်လာခြင်းဖြစ်ပြီး အမေရိကန် နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၉၀ ကျော်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်းနောက်တွင် အိန္ဒိယ၊ ဘရာဇီး၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က အစဉ်အလိုက် ရပ်တည်နေသည်။

.........................

### တစ်နေ့လျှင် ရေနံစည် ပေါင်း ၁၃ သန်းသာ အများဆုံးတိုးမြှင့်ထုတ်လုပ်မည်

■ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်အယ်ဆတ်သည် ဆော်ဒီနိုင်ငံအနေဖြင့် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၃ သန်းသာ အများဆုံးတိုးမြှင့်ထုတ်လုပ်မည်ဟု စနေနေ့တွင် ပြောကြားလိုက်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အခြားပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ၊ အီဂျစ်၊ ဂျော်ဒန်နှင့် အီရတ် နိုင်ငံတို့မှ ခေါင်းဆောင်များနှင့်အတူ ဂျက်ဒါမြို့၌ ပြုလုပ်သည့် ထိပ်သီးဆွေးနွေးပွဲအတွင်း ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

.........................

### ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၄၅ ဦး တွေ့ရှိ

■ ဗီယက်နမ်နိုင်ငံ၌ တနင်္ဂနွေနေ့တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၄၅ ဦး စစ်ဆေးတွေ့ရှိပြီး စနေနေ့က စစ်ဆေးတွေ့ရှိမှုထက် ၄၀ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ထပ်မံကူးစက်ခံရသူများကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၇၆၀၅၉၅ ဦးအထိ ရှိလာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ မရှိကြောင်း သိရသည်။

# ကိုဗစ်-၁၉ တစ်ကျော့ပြန် ကူးစက်လာမှုကြားက ကမ္ဘောဒီးယား ခရီးသွားကဏ္ဍမျှော်လင့်ချက်

ကောင်းဇော်



ကမ္ဘောဒီးယားနိုင်ငံ အထင်ကရနေရာတစ်ခု၌ ခရီးသွားများ လာရောက်လည်ပတ်နေမှု။

**ယခု**အခါ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ကမ္ဘာ တစ်ဝန်းထုတ်လုပ်မှုနဲ့ ထိုးနှံထားမှုတွေကြောင့် ကိုဗစ်ကာလမှာ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့တဲ့ ခရီးသွားကဏ္ဍအပေါ် မျှော်လင့်ချက်တွေ ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့တဲ့ ခရီးသွားကဏ္ဍကို ပြန်လည်မြှင့်တင်ဖို့ကြိုးပမ်းနေတဲ့ နိုင်ငံတွေထဲမှာ ကမ္ဘောဒီးယားနိုင်ငံလည်း တစ်နိုင်ငံ အပါအဝင် ဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အရှေ့တောင်အာရှ၌ ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ နိုင်ငံခြားခရီးသွား ဧည့်သည်တွေအတွက် နယ်စပ်ဂိတ်တွေ ပြန်လည်ဖွင့်လှစ်ပေးမှုနဲ့ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့တဲ့ ပထမဆုံးနိုင်ငံဖြစ်ကြောင်း ပြောပါတယ်။ ခရီးသွားလာရေးဝန်ကြီး သောင်ခွန်က ကမ္ဘောဒီးယားနိုင်ငံဟာ ၂၀၂၂ ခုနှစ်မှာ နိုင်ငံခြားခရီးသွားဧည့်သည် တစ်သန်းနဲ့ ပြည်တွင်းခရီးသွား ရှစ်သန်းအထိ လာရောက်လည်ပတ်ဖို့ မျှော်လင့်ထားတယ်လို့ မကြာသေးမီက ပြောကြားထားပါတယ်။

### ခရီးသွားဧည့်သည် ငါးသိန်းကျော် လာရောက်လည်ပတ်

ဒါ့အပြင် ၎င်းက ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော် ကမ္ဘောဒီးယားနိုင်ငံကို လာရောက်လည်ပတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ လွန်ခဲ့တဲ့နှစ်က အလားတူကာလနဲ့ နှိုင်းယှဉ်ကြည့်ရင် ၃၉၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်အများစုဟာ အင်ဒိုနီးရှား၊ အမေရိကန်၊ တောင်ကိုရီးယား၊ ပြင်သစ်၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှဖြစ်ကြောင်း ၎င်းက ဆက်ပြောပါတယ်။

လက်ရှိဝင်ရောက်လာတဲ့ ခရီးသွားဧည့်သည်တွေရဲ့ ကိန်းဂဏန်းအချက်အလက်ကို အခြေခံတွက်ချက်ကြည့်မယ်ဆိုရင် “၂၀၂၂ ခုနှစ်မှာ လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည် တစ်သန်းခန့်ရှိနိုင်ကြောင်း မျှော်လင့်ထားသလို ၂၀၂၃ ခုနှစ်မှာ နိုင်ငံခြားခရီးသွားဧည့်သည် ထိုပမာဏထက် နှစ်ဆခန့်အထိ တိုးမြင့်လာရောက်လည်ပတ်နိုင်ဖို့ မျှော်လင့်ထားတယ်” လို့ ဝန်ကြီးဌာနရဲ့ သုံးရက်ကြာပြုလုပ်တဲ့ အစည်းအဝေးနောက်ဆုံးနေ့မှာ ခွန်ကပြောပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့စီးပွားရေးကို အထောက်အကူပြုတဲ့ မဏ္ဍိုင်လေးခုအနက်တစ်ခုဖြစ်တဲ့ ခရီးသွားကဏ္ဍအနေနဲ့ ၂၀၂၆ သို့မဟုတ် ၂၀၂၇ ခုနှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက လာရောက်လည်ပတ်တဲ့ အတိုင်းအတာအထိ ရောက်ရှိရန် မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

### အချိန်တစ်ခုအထိ စောင့်ဆိုင်းရဖွယ်ရှိ

ကမ္ဘောဒီးယားနိုင်ငံကို နိုင်ငံခြားခရီးသွားဝင်ရောက်မှု တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပေမယ့် ကိုဗစ်မတိုင်ခင်ကာလက ဝင်ရောက်မှုနှုန်းကို လိုက်မီဖို့တော့ အချိန်တစ်ခုအထိ စောင့်ဆိုင်းရဖွယ်ရှိနေပါတယ်။ ပြည်တွင်းဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ မက်ဆာဗုသာက လွန်ခဲ့တဲ့နှစ်နှစ်အတွင်း မိသားစုစားဝတ်နေရေး ထောက်ပံ့ပေးဖို့အတွက် အွန်လိုင်းကနေ အင်္ဂလိပ်စာသင်ကြားခဲ့ရကြောင်း၊ ယခုအခါမှာ နယ်စပ်ဂိတ်တွေပြန်လည် ဖွင့်လှစ်ပေးမှုနဲ့အတူ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်တွေ ဖြေလျှော့ပေးမှုပြုလုပ်ထားတာကြောင့် ဧည့်လမ်းညွှန်လုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရေး မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဆိုရမှာဖြစ်ကြောင်း ပြောပါတယ်။ ကမ္ဘောဒီးယားနိုင်ငံရဲ့ အန်းကောဝပ်ရှေးဟောင်းနယ်မြေကို ဂျာမနီနိုင်ငံမှ ပထမဆုံးအကြိမ် လာရောက်လည်ပတ်တဲ့ ဟန်နာက ပြန်လည်ဆန်းသစ်ထားတဲ့ အန်းကောဝပ်နဲ့ လူအများကြီးမရှိမှုက အတွေ့အကြုံသစ်တွေကို ရရှိစေတယ်လို့ ပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နယ်စပ်ဂိတ်များ ပိတ်ခြင်းနဲ့ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပြီးခဲ့တဲ့နှစ်မှာ ဝင်ငွေဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့တယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ်က နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ၁ ဒသမ ၃ သန်းသာရှိခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်က နိုင်ငံခြားခရီးသွား ဧည့်သည်ဝင်ရောက်မှုနဲ့ နှိုင်းယှဉ်ကြည့်ရင် ၈၀ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်။ ဒါ့အပြင် ၂၀၂၁ ခုနှစ်မှာ ၁၉၆၄၉၅ ဦးသာ လာရောက်လည်ပတ်ခဲ့တာကြောင့် ၈၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့တယ်လို့ ခရီးသွားလာရေး ဝန်ကြီးဌာနရဲ့ဖော်ပြချက်အရ သိရပါတယ်။

### အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံ ဝင်ငွေရရှိ

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်မှာ နိုင်ငံခြားခရီးသွားဧည့်သည် ၆ ဒသမ ၆ သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး အဆိုပါ ခရီးသွားများထံမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံ အထိ ဝင်ငွေရရှိခဲ့တယ်လို့ ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ လတ်တလော ကမ္ဘောဒီးယားနိုင်ငံမှာ ပွဲသန်းပြေးဆွဲနေတဲ့ လေကြောင်းလိုင်း ၂၄ ခုရှိပြီး ယခုနှစ် ပထမနှစ်ဝက်အတွင်း ပျံသန်းပြေးဆွဲမှု အကြိမ်ရေ ၂၂၁၄ ကြိမ်ရှိကာ တစ်နှစ်ထက်တစ်နှစ် ၁၄၁ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံလူဦးရေရဲ့ ၉၀ ရာခိုင်နှုန်း ထိုးနှံထားပြီးဖြစ်တယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ နိုင်ငံခြားခရီးသွားတွေအနေနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ခရီးမသွားမီ ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးစရာမလိုသော်လည်း နိုင်ငံတွင်းဝင်ရောက်ဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့် ထိုးနှံထားတဲ့ အထောက်အထားလက်မှတ် လိုအပ်တယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကိုရောက်လာပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးနှံထားတဲ့ နိုင်ငံခြားခရီးသွားတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါရှိ မရှိစစ်ဆေးဖို့ တစ်ကြိမ်ကို အမေရိကန်ဒေါ်လာငါးဒေါ်လာ ပေးဆောင်ရမယ်လို့ ဆိုပါတယ်။

### အိုမီခရွန် မျိုးကွဲ BA.4 နဲ့ BA.5 ကူးစက်မှုတွေ့ရှိ

လက်တလောမှာ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူတွေ တွေ့ရှိနေပါသေးတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိတဲ့ ရက်ပေါင်း ၅၀ ကြာပြီးနောက်မှာတော့ အိုမီခရွန်မျိုးရိုးဗီဇပြောင်း မျိုးကွဲနှစ်မျိုးဖြစ်တဲ့ BA.4 နဲ့ BA.5 ကူးစက်မှုတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ထားပါတယ်။ အိုမီခရွန်မျိုးကွဲ BA.4 နဲ့ BA.5 ဟာ အိုမီခရွန်နဲ့ တခြားဗီဇပြောင်း ဗိုင်းရပ်စ်တွေထက် ကူးစက်မှုပိုမြန်ကြောင်း အဆိုပါ ထုတ်ပြန်ချက်မှာ ဖော်ပြထားတာ တွေ့ရတယ်။

ဒါ့အပြင် ဇူလိုင် ၁၆ ရက်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၆ ဦးရှိပြီး ဇူလိုင် ၁၇ရက်မှာ၁၈ဦး ထပ်မံကူးစက်ခံရကြောင်း ဖနောင်ပင်ပို့စ်ရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ဇူလိုင် ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၆၄၅၅ ဦး ရှိပြီး ၁၃၃၂၉၀ ဦး ပြန်လည်သက်သာပြီလို့ သတင်းရင်းမြစ်တွေအရ သိရပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ အဲ့ဒီရောဂါကြောင့် သေဆုံးသူ ၃၀၅၆ ဦး အထိရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ အဲ့ဒီလို ကိုဗစ်-၁၉ ရောဂါတစ်ကျော့ပြန်ကူးစက်လာခြင်းက ခရီးသွားကဏ္ဍကို ပြန်လည် မြှင့်တင်ဖို့ကြိုးပမ်းနေတဲ့ မျှော်လင့်ချက် အလုံးစုံအကောင်အထည်ဖော်ဖို့ အခက်တွေ့ဖွယ် ရှိနေပါတယ်။

**ကိုးကား-ဆင်ဟွာ**

**❄ ကမ္ဘောဒီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်း ထိုးနှံထားပြီးဖြစ်တယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ နိုင်ငံခြား ခရီးသွားတွေအနေနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ခရီးမသွားမီ ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးစရာမလိုသော်လည်း နိုင်ငံတွင်းဝင်ရောက်ဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့် ထိုးနှံထားတဲ့ အထောက်အထားလက်မှတ် လိုအပ်တယ်လို့ ဆိုပါတယ်**

# ဇူလိုင် ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၆ ရာခိုင်နှုန်းရှိ

**(၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၁၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၅၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၅၇,၁၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၉၇,၁၂၇) ဦးနှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၅,၈၀၀,၁၃၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၄၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၈၀) ခု | (၆) ဦး |
| စုစုပေါင်း | (၄,၅၀၇) ခု | (၇) ဦး |

**ကိုဗစ်-19 ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၇-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၉၇,၁၂၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၈၀၀,၁၃၇ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၇-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၂၅၀၃၉၂ | ၈၆၅၆၁၇၇၄ | ၁၀၄၈၈၂၂ |
| ၂။ | အိန္ဒိယ | ၄၃၇၅၀၅၉၉ | ၄၃၀၈၁၄၄၁ | ၅၂၅၇၀၉ |
| ၃။ | ဘရာဇီး | ၃၃၂၉၀၂၆၆ | ၃၁၅၃၀၅၅၂ | ၆၇၅၃၅၃ |
| ၄။ | ပြင်သစ် | ၃၂၉၄၂၉၁၀ | ၃၀၅၁၀၃၆၄ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၆၈၂၆၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၅၅၉၃၅ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၀၇၆၈၆၃ | ၁၈၄၅၈၄၆၇ | ၁၆၉၈၄၆ |
| ၈။ | ရုရှား | ၁၈၇၆၁၇၅၇ | ၁၈၃၂၅၀၂၈ | ၂၄၇၄၂ |
| ၉။ | တောင်ကိုရီးယား | ၁၈၄၉၀၂၉၆ | ၁၇၉၀၈၈၀၉ | ၃၈၁၈၀ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |


## ၁၇-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၀၅၉၅ | ၉၈၁၄၂၇၆ | ၄၃၀၉၁ |
| အင်ဒိုနီးရှား | ၆၁၃၄၉၅၃ | ၅၉၅၀၅၅၄ | ၁၅၆၈၄၉ |
| မလေးရှား | ၄၆၁၉၀၄၅ | ၄၅၄၀၇၁၆ | ၃၅၈၄၈ |
| ထိုင်း | ၄၅၅၉၀၂၉ | ၄၅၀၄၇၃၄ | ၃၀၉၉၉ |
| ဖိလစ်ပိုင် | ၃၇၃၃၁၀၁ | ၃၆၅၂၅၈၇ | ၆၀၆၄၁ |
| စင်ကာပူ | ၁၅၈၉၀၉၉ | ၁၄၈၄၁၉၄ | ၁၄၅၀ |
| မြန်မာ | ၆၁၃၈၁၆ | ၅၉၂၇၃၆ | ၁၉၄၃၄ |
| လာအို | ၂၁၀၅၂၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၄၅၅ | ၁၃၃၂၉၁ | ၃၀၅၆ |

# ငါး၊ ပုစွန်ထုတ်လုပ်မှုအတွက် ရေရှည်တည်တံ့သော ဘိုင်အိုဖလော့(Biofloc) နည်းပညာ

ဝါဝါဖူး (Ph.D) မွေးသု(မန်း)




တိရစ္ဆာန်များအတွက် စပ်စာ( Balanced Ration) အသုံးပြုမှုပြပုံ(ဝဲ)နှင့် အစာမှ အသားတိုးနှုန်း အချိုးပြပုံ(အပေါ်)။

**"ဘိုင်အိုဖလော့၏အဓိပ္ပာယ်ကို ဦးစွာဖော်ပြရမည်ဆိုလျှင် သတ္တမျောလေးများ၊ ရေညှိရေမှော်၊ ကျောရိုးမဲ့ သတ္တဝါများ၏ ရုပ်ကြွင်းများ ပွတ်တိုက်၍ ပွန်းပဲ့ရာမှ ပေါ်ထွက်လာသော အပိုင်းအစများ အနည်ကျရာမှ ဖြစ်ပေါ်လာသည့် အမှုန်အမွှားများနှင့် အဏုဇီဝသက်ရှိများ ပေါင်းစပ်ဖွဲ့စည်းထားသော polymeric substances များ၊ အဏုစိတ်ဇီဝသက်ရှိများ ပေါင်းစုဖွဲ့စည်းထားပြီး Floc (Flocculent)မှ ဆင်းသက်လာပါသည်။ အကျိုးပြုဗက်တီးရီးယားအသွင်အဖြစ် ပြောင်းလဲသွားပြီး ငါး၊ ပုစွန်များအတွက် အထူးသဖြင့် ငါးမှုန်အဆင့်တွင် အလွန်အသုံးဝင်သော အစာဖြစ်သည်ဟု သုတေသနပြုစမ်းသပ်မှုများမှ ဖော်ပြလျက် ရှိပါသည်"**

**မွေးမြူထုတ်လုပ်ရေးကွင်းဆက်**

မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ကွင်းဆက်အတွင်း အချင်းချင်းဆက်နွယ်နေသည့် အကြောင်းအရင်းအချက်အလက်များကို နားလည်သဘောပေါက်၍ လက်ခံကျင့်သုံးရန် အထူးလိုအပ်ပေသည်။ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ကွင်းဆက်ဖြစ်စဉ်များ၏ လုပ်ငန်းစဉ်အလိုက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) Genetically Make-up constitution (မျိုးရင်းစစ်)
(ခ) Nutrition (တိရစ္ဆာန်အစာ)
(ဂ) Health (ကျန်းမာရေး)
(ဃ) Management (မွေးမြူရေးဆိုင်ရာ စီမံခန့်ခွဲမှု)
(င) Production(အမြောက်အမြား ထုတ်လုပ်မှု)
(စ) Market (ဈေးကွက်)




**တိရစ္ဆာန်အစာ၏ အခန်းကဏ္ဍ**

မွေးမြူထုတ်လုပ်ရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေရာ မွေးမြူထုတ်လုပ်ရေးနည်းပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်အစာလုံလောက်ရုံမျှနှင့် မပြည့်စုံနိုင်ဘဲ ၎င်းတိရစ္ဆာန်အစာများမှ မည်မျှအသုံးချနိုင်မှုရှိသည် (Digestibility) (သို့မဟုတ်) မည်မျှအကျိုးသက်ရောက်မှုရှိသည် (Net Energy) တို့ကို သိရှိရန် လိုအပ်ပေသည်။ အသုံးပြုကျွေးမွေးသော အစာများ၏ အာဟာရဓာတ်ပြည့်ဝစွာပါသော စပ်စာ (Ration) များ ဖော်ထုတ်အသုံးပြုနိုင်မှုသည် မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၏ အရေးပါသောအချက်များကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ တိရစ္ဆာန်များကို အစာအမယ်တစ်မျိုးတည်း အမြဲတမ်းကျွေး၍ မွေးမြူမည်ဆိုပါက အာဟာရဓာတ်ချို့တဲ့မှုနှင့် စပ်လျဉ်းသည့်ရောဂါများ မလွဲမသွေဖြစ်ပေါ်လာပါမည်။ ထို့ကြောင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာပါဝင်သော စပ်စာ (Balanced Ration) တစ်ခုကို ဖော်ထုတ်အသုံးပြုရန် လိုအပ်ပေသည်။

**ရေရှည်တည်တံ့ခိုင်မြဲစေမည့် အကြောင်းရင်း**

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော ရေနှင့်မြေဆီလွှာကဲ့သို့သော အခြေခံအရင်းအမြစ်များကို ထပ်မံအသုံးမပြုဘဲ စွန့်ပစ်ရေကို ပြုပြင်ဖန်တီးထား၍ အစာအသုံးပြုခြင်းဖြင့် စီးပွားရေးနှင့်လူမှုရေးကဏ္ဍတွင် အကောင်းဆုံး ကုန်ကျစရိတ်နှင့် အကျိုးခံစားခွင့်အချိုးတို့ကို တစ်ပြိုင်တည်းပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် ငါးမွေးမြူရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေတွင် နည်းပညာများထဲမှတစ်ခုဖြစ်သော ဘိုင်အိုဖလော့မွေးမြူပြီး အစာအဖြစ် ကျွေးမွေးခြင်းစနစ်သည် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေပါသည်။ ရေအရည်အသွေးကို ထိန်းသိမ်းခြင်းဖြင့် Biofloc မွေးမြူခြင်းသည် ရေလဲလှယ်ရန်လိုအပ်မှုကို လျှော့ချပြီး စားသုံးနိုင်သော အဏုဇီဝပရိုတင်းများကို ထုတ်လုပ်ခြင်းဖြင့် မွေးမြူရေး ငါး၊ ပုစွန်များ၏ အစာမှ အသားပြောင်းလဲခြင်းအချိုးကို လျှော့ချနိုင်သည့်အပြင် စီးပွားဖြစ် အစာဝယ်ယူသည့် ကုန်ကျစရိတ်ကို လျှော့ချနိုင်စေမည် ဖြစ်ပါသည်။

**ဘိုင်အိုဖလော့၏အဓိပ္ပာယ်**

ဘိုင်အိုဖလော့၏အဓိပ္ပာယ်ကို ဦးစွာဖော်ပြရမည်ဆိုလျှင် သတ္တမျောလေးများ၊ ရေညှိရေမှော်၊ ကျောရိုးမဲ့သတ္တဝါများ၏ ရုပ်ကြွင်းများ ပွတ်တိုက်၍ ပွန်းပဲ့ရာမှ ပေါ်ထွက်လာသော အပိုင်းအစများ အနည်ကျရာမှဖြစ်ပေါ်လာသည့် အမှုန်အမွှားများနှင့် အဏုဇီဝသက်ရှိများ ပေါင်းစပ်ဖွဲ့စည်းထားသော polymeric substances များ၊ အဏုစိတ်ဇီဝသက်ရှိများ ပေါင်းစုဖွဲ့စည်းထားပြီး Floc (Flocculent)မှ ဆင်းသက်လာပါသည်။ အကျိုးပြုဗက်တီးရီးယားအသွင်အဖြစ် ပြောင်းလဲသွားပြီး ငါး၊ ပုစွန်များအတွက် အထူးသဖြင့် ငါးမှုန်အဆင့်တွင် အလွန်အသုံးဝင်သော အစာဖြစ်သည်ဟု သုတေသနပြုစမ်းသပ်မှုများမှ ဖော်ပြလျက်ရှိပါသည်။

Biofloc မွေးမြူသည့်နည်းပညာကို မြန်မာနိုင်ငံ၌ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုခန့်ကတည်းက ဒေါက်တာ ညဏ်တောက ပုစွန်ဖြူမွေးမြူရေး (Litopenaeus vannamei) ကန်များတွင် အစာအဖြစ် စတင်အသုံးပြုခဲ့သော်လည်း မွေးမြူရေးလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ခဲ့ခြင်း မရှိသေးပါ။ ၁၉၇၀ ပြည့်နှစ် အစောပိုင်းတွင် French Research Institute of Exploitation of the Sea, Oceanic Center of Pacific (FREMER-COP)တွင် ပုစွန်မျိုးစိတ်အမျိုးမျိုး၏ အစာအဖြစ် ပထမဆုံး တီထွင်စမ်းသပ်ခဲ့ကြသလို ၁၉၈၈ ခုနှစ်တွင်လည်း ဗဟိုအမေရိက၌ ငါးသားပေါက် ထုတ်လုပ်ကန်တွင် Biofloc ကို စီးပွားဖြစ် အသုံးပြုခဲ့သည်။

ယခုအချိန်တွင် ဤနည်းပညာကို အမေရိကန်၊ အစ္စရေး၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘရာဇီး၊ တရုတ်၊ အီတလီနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် အောင်မြင်စွာ အကောင်အထည်ဖော် ချဲ့ထွင်လုပ်ကိုင်နေပြီ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် Biofloc မွေးမြူသည့် နည်းပညာကို ငါး၊ ပုစွန်များတွင် အစာအဖြစ် အသုံးချနိုင်ခြင်း၊ အစာမှ အသားတိုးနှုန်းအချိုး (Food Conversion Ratio-FCR) လျှော့ချနိုင်ခြင်း၊ ပြင်ပမှ ရောဂါများဝင်ရောက်မှုမှ တားဆီးကာကွယ်နိုင်ခြင်းနှင့် အထွက်နှုန်းတိုးတက်နိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများကြောင့် Biofloc ကို ဖြည့်စွက်စာအဖြစ် အသုံးပြုနိုင်ရန်ရည်ရွယ်၍ Biofloc မွေးမြူရန် လိုအပ်ပါသည်။

ငါးများသည် အမိုင်နိုအက်စစ်၊ အဆီ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သော ရေနေသတ္တဝါများဖြစ်၍ ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်လာခဲ့ရာ ထိုမွေးမြူရေးလုပ်ငန်းများအတွက် နေ့စဉ်လိုအပ်လျက်ရှိသော ငါး၊ ပုစွန်အစာများအတွက် Biofloc မွေးမြူပြီး အစာအဖြစ်ကျွေးခြင်းဖြင့် အစာဖိုးကုန်ကျစရိတ်သက်သာပြီး ပရိုတင်းဓာတ်အပြည့်အဝရရှိခြင်းတို့ကြောင့် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ သို့သော်လည်း ကမ္ဘာတစ်ဝန်းတွင် တိုးပွားလာသော ငါးစားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သုတေသနပညာရှင်များနှင့် ငါးမွေးမြူထုတ်လုပ်သူများအတွက် စိန်ခေါ်မှုများစွာဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျစရိတ်၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းသည် ငါးအစာ ကုန်ကျစရိတ်ဖြစ်သောကြောင့် အရင်းအနှီးကြီးမားပြီး လုပ်ငန်းလည်ပတ်မှု ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည့် စီးပွားဖြစ် ငါးမွေးမြူရေးနည်းပညာများကို ကျင့်သုံးရန် တွန့်ဆုတ်နေကြပါသည်။ ထို့ကြောင့် ကုန်ကျစရိတ်နည်းပါးပြီး သဘာဝအရင်းအမြစ်ကို ထိခိုက်စေခြင်းမရှိသော၊ ရေရှည်တည်တံ့သော နည်းလမ်းဖြစ်သည့် Biofloc မွေးမြူထုတ်လုပ်သည့် နည်းပညာသည် ငါး၊ ပုစွန်ထုတ်လုပ်မှုတိုးမြှင့်ရာတွင် များစွာ အထောက်အကူပေးနိုင်မည် ဖြစ်ပါသည်။

**Biofloc နည်းပညာ**

Biofloc နည်းစနစ်သည် ရေနေသတ္တဝါများ ထုတ်လုပ်မှု၊ ဂေဟစနစ်ထိန်းချုပ်မှု ပိုမိုကောင်းမွန်လာစေခြင်းနှင့် ရေဆိုးရေညစ်များကို ပြုပြင်ပေးခြင်းတို့ကြောင့် ယခုအချိန် ငါး၊ ပုစွန်မွေးမြူရေးတွင် အရေးပါလာနေပြီ ဖြစ်ပါသည်။ ဇီဝသက်ရှိများ၏ ပွားများကြီးထွားလာမှု၊ ရေလဲလှယ်မှုအနည်းဆုံးလိုအပ်မှု၊ ပျော်ဝင်အောက်ဆီဂျင် ကောင်းမွန်မှုနှင့် ကာဗွန်နိုက်ထရိုဂျင်ထည့်သွင်းသည့် အချိုးအစား (C:N)တို့သည် Biofloc မွေးမြူမှု ရေရှည်ထိန်းသိမ်းရန်အတွက် အထူးလိုအပ်လှပေသည်။ ကာဗွန်ဟုဆိုရာတွင် တင်လဲရည်၊ သကြား၊ ဂလူးကို့စ်၊ ပီလောပီနံ၊ ကစီဓာတ်များကို ဆိုလိုပြီး ထည့်သွင်းရမည့် အချိုးအစားသည် ကာဗွန် ၁၀ ဆနှင့် နိုက်ထရိုဂျင်

*စာမျက်နှာ ၁၇ သို့*

# နတ်မောက်ရေလှောင်တမံမှ မိုးစပါးကေ ၂၀၀၀၀ အတွက် ပျိုးထောင်ရေများ ပေးဝေမည်

**နတ်မောက် ဇူလိုင် ၁၇**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ နတ်မောက်ရေလှောင်တမံဧရိယာများ၌ မိုးစပါးစိုက်ပျိုးရန် လျာထားဧကေ ၅၅၀ အတွက် ဇူလိုင် ၁၅ ရက်မှစ၍ ရေပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးထိန်လင်းထံမှ သိရသည်။

လာမည့် မိုးစပါး စိုက်ပျိုးရာသီတွင် နတ်မောက်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း နတ်မောက်မြို့နယ်အပိုင်း တိုက်ရိုက်ရေသောက်စနစ်ဖြင့် အုပ်စုခြောက်အုပ်စုမှ ကွင်းပေါင်း ခုနစ်ကွင်းအတွက် လျာထားဧကေ ၂၁၈ ဧက၊ လက်ဝဲမြောင်းမကြီးရှိ ကျေးရွာအုပ်စုတစ်စု ကွင်းပေါင်း သုံးကွင်းအတွက် လျာထားဧကေ ၁၁၅ ဧက၊ လက်ယာမြောင်းမကြီးတစ်လျှောက်ရှိ ကျေးရွာအုပ်စုတစ်စုမှ ကွင်းပေါင်းလေးကွင်းအတွက် လျာထားဧကေ ၂၁၇ ဧက လျာထားကြောင်း သိရသည်။

နတ်မောက်ရေလှောင်တမံ၏ ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၀၁၀၀၀ ဖြစ်ပြီး လက်ရှိရေသိုလှောင်ပမာဏမှာ ၅၂၆၅၈ ဧကပေ ရှိကြောင်း၊ ဆည်ရေပေးဝေနိုင်သည့် ဧရိယာအဖြစ် မိုးစပါး ဧက ၂၀၀၀၀ လျာထားကြောင်း၊ နတ်မောက်ရေလှောင်တမံမှ နွေစပါးများအတွက် အောင်ရေပေးဝေရင်း မိုးစပါးများ ပျိုးထောင်ရန်အတွက်ပါ ထပ်ဆောင်း၍ ဆည်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**မူမူစန်း**

# လှိုင်ကော်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**လှိုင်ကော် ဇူလိုင် ၁၇**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မြို့နယ်အတွင်း တိရစ္ဆာန်မွေးမြူရေးဆောင်ရွက်နေသည့် ပြည်သူများ တစ်နိုင်တစ်ပိုင်မွေးမြူထားရှိသည့် တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားလာပါက ကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုကို ဆောင်ရွက်လျက်ရှိသည်။



ဇူလိုင် ၁၆ ရက်တွင်လည်း လှိုင်ကော်မြို့ မှုံပြာကျေးရွာရှိ နွားမွေးမြူရေးခြံများ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်၍ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့စိတ်မှ အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ သရုပ်ပြလေ့ကျင့်ခြင်း၊ ကျွဲ၊ နွား ခွာနာလျှာနာရောဂါနှင့် အရေပြားအကျိတ်ရောဂါများအကြောင်း ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ ဒေသခံများ မွေးမြူထားရှိသော ကျွဲ၊ နွား ၇၆ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

# ဖြူဟ္မစိုရ်လူမှုကူညီရေးအသင်း အထူးကုဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၂) လမ်းရှိ ဖြူဟ္မစိုရ် လူမှုကူညီရေးအသင်း အထူးကုဆေးပေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၅ ရက်က အဆိုပါအထူးကုဆေးခန်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အသင်းနာယက ဦးမြအောင်က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြင့် (တော်ဝင်ဆေးရုံ)က ဆေးခန်းအဆောက်အအုံအကြောင်း ရှင်းလင်းပြောကြားကာ အသင်းနာယက ဒေါက်တာ ဒေါ်သန်းရင်မာ၊ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြင့်နှင့် ဆေးခန်းအလှူရှင် ဦးစကြီး+ဒေါ်တင် မိသားစုက ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**တင်မောင်(မန္တလေး)**



အထက(၁)အလုံတွင် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနှင့် မိုးရာသီတွင် ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များက ကျောင်းအတွင်း ခြင်ဆေးမှုတ်ခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ခြင်းနှင့် ခြင်များခိုအောင်းနိုင်မည့်နေရာများတွင် ရှင်းလင်းခြင်းကို ဇူလိုင် ၁၆ ရက်က စုပေါင်းဆောင်ရွက်စဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

*စာမျက်နှာ ၁၆ မှ*

တစ်ဆ (C10:N1) ရှိရန် လိုအပ်ပါသည်။ ၎င်းအခြေအနေတွင် အဏုဇီဝများသည် ရေမှ အမိုးနီးယား ပြိုကွဲကာ ဇီဝရုပ်ကြွင်း အမှုန်အမွှားများ၊ အဏုဇီဝများ၊ ရေညှိများ၊ ပရိုတိုဇွာများ စုစည်းလာရာမှ Microbial protein အဖြစ် ပြောင်းလဲသွားပြီး ငါး၊ ပုစွန်သားလောင်းများမှ အလွယ်တကူ စားသုံးနိုင်ကြပါသည်။ Biofloc အား ရေချိုတွင် မွေးမြူနိုင်သကဲ့သို့ ရေငန်တွင်လည်း မွေးမြူမည့် ငါးမျိုးစိတ်များ၏ ရေငန်နှုန်းအတိုင်း လျှော့ချမွေးမြူနိုင်ပါသည်။ အာဟာရပါဝင်နှုန်းများအနေဖြင့် အသားဓာတ် ၃၄ ရာခိုင်နှုန်း၊ အဆီဓာတ် ၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၇ ရာခိုင်နှုန်း၊ အစိုဓာတ် ၁၂ ရာခိုင်နှုန်းနှင့် ပြာဓာတ် ၁၃–၂၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။ သို့ရာတွင် Biofloc အစာအဖြစ် အခြောက်အခြားထုတ်လုပ်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် သိုလှောင်သည့် လုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် အစာအာဟာရများ ပါဝင်နှုန်း လျော့နည်းမသွားစေရန် လိုအပ်ပါသည်။

**အကျိုးကျေးဇူးနှင့် ဆိုးကျိုးများ**

Biofloc နည်းစနစ်ဖြင့် မွေးမြူခြင်းတွင် အကျိုးသက်ရောက်မှုများရှိသကဲ့သို့ ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ အကျိုးသက်ရောက်မှုများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော မွေးမြူမှုစနစ် ဖြစ်ပေါ်စေခြင်း၊ ရေလဲလှယ်နှုန်း လျှော့ချနိုင်ခြင်း၊ ထုတ်လုပ်မှုမြင့်မားခြင်း၊ ဇီဝလုံခြုံမှုမြင့်မားခြင်း၊ ရေညစ်ညမ်းမှု လျှော့ချခြင်းနှင့် ကုန်ကျစရိတ်သက်သာစေခြင်းတို့ဖြစ်ပြီး ဆိုးကျိုးများအနေဖြင့် စွမ်းအင်အလုံအလောက် လိုအပ်ခြင်း၊ လျှပ်စစ်မီးပြတ်တောက်ပါက အသုံးမဝင်သော အမှုန်များ (Dead particle) အဖြစ် ပြောင်းသွားပြီး အမိုးနီးယား တက်စေနိုင်ခြင်း၊ ရေချဉ်ဖန်နှုန်းကောင်းမွန်ရန်အတွက် ထုံးဓာတ် ဖြည့်စွက်ရန် လိုအပ်ခြင်း၊ ရာသီဥတုအပြောင်းအလဲများကြောင့် နေရောင်ခြည်ကောင်းစွာမရရှိလျှင် ပွားများနှုန်း ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့်အတွက် မွေးမြူစဉ်ကာလအတွင်း ပြောင်းလဲလာသည့် ရေအရည်အသွေးကို တိုင်းတာစစ်ဆေးခြင်းနှင့် စောင့်ကြည့်မှုများပြုလုပ်ရန် လိုအပ်ပါသည်။

အချုပ်ဆိုရသော် Biofloc နည်းစနစ်သည် ဂေဟစနစ်နှင့် သဟဇာတဖြစ်စေပြီး မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ် အသုံးပြုနိုင်သည့် နည်းပညာရပ်တစ်ခု ဖြစ်ပါသည်။ Biofloc တွင် ပါဝင်သော ဗက်တီးရီးယား အစုအဖွဲ့များသည် ငါးများ၏ စွန့်ထုတ်ထားသော အညစ်အကြေးများ၊ စွန့်ပစ်ရေများမှ နိုက်ထရိုဂျင်ပျော်ဝင်မှုကို အသုံးချ၍ အဏုဇီဝပရိုတင်းအဖြစ်သို့ ပြောင်းလဲသွားသည့် ဗက်တီးရီးယားများ ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများတွင် ကျွေးမွေးသောအစာများသည် ဖော်စပ်စာများအဖြစ် ဖော်စပ်ပြုလုပ်ထားသကဲ့သို့ Biofloc အစာဖြင့်လည်း အစားထိုးနိုင်ပေသည်။ အာဟာရပြည့်ဝစွာပါဝင်သော Biofloc ကို ကျွေးမွေးခြင်းဖြင့် အစာမှ အသားတိုးနှုန်းအချိုးကို လျှော့ချနိုင်သကဲ့သို့ အစာကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ကြောင့် ဤနည်းစနစ်သည် ငါးထုတ်လုပ်မှု၏ ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါသည်။ Biofloc နည်းစနစ်သည် ရေနေသတ္တဝါများ ရှင်သန်ရပ်တည်ရေးနှင့် ရေနေသယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူပြည်သူလူထု၏ အာဟာရဖူလုံရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပံ့ပိုးပေးနိုင်ပါကြောင်း ဗဟုသုတမှတ်သားဖွယ်ရာများအဖြစ် ရေးသားလိုက်ရပါသည်။ ။




ဘိုင်အိုဖလော့ (Biofloc) မွေးမြူရန် ပြင်ဆင်ထားရှိမှု။

**ရည်ညွှန်းကိုးကား**

1. Avnimelech, Y. (2009). Biofloc Techno–logy, Second Edition. World Aquaculture Society, Baton Rouge, LA.
2. Crab, R., Defoirdt, T., Bossier, P. and Verstraete, W. (2012). Biofloc technology in aquaculture: Beneficial effects and future challenges. Aquaculture, 351–357.
3. Nyan Taw, (2014). Shrimp farming, biofloc as biosecurity?*
4. Suneetha, K., Kavitha, K. and Darwin, C.H.(2018). Biofloc Technology: An emer–ging tool for sustainable aquaculture. International Journal of Zoology Stu–dies, 3(1): 87–90.

# ပြည်တွင်းစားသုံးဆီဖူလုံဖို့ သေချာရေရာအောင် နေကြာတိုးချဲ့ စိုက်ပျိုးကြပါစို့

## မော်ကျွန်း-မြင့်အောင်

**ဆီထွက်သီးနှံနေကြာမှာ မြန်မာတောင်သူများနှင့် မစိမ်းလှပါ။ မြန်မာနိုင်ငံတွင် ဆီစားနေကြာကို ၁၉၇၆-၁၉၇၇ ခုနှစ်မှစ၍ စိုက်ပျိုးခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် နေကြာစိုက်ခင်းများဖြင့် ဝေဆာစွာ အလှဆင်ခဲ့ကြသည်။ ယခုအခါ ဆီထွက်သီးနှံနေကြာကို ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အရ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေကြာစိုက်ဧကတိုးမြှင့် စိုက်ပျိုးတော့မည်ဖြစ်သည်။ ယင်းသို့ ဆီထွက်သီးနှံနေကြာကို အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်စိုက်ဧကသက်မှတ်ပြီး ယခုနှစ်မိုးရာသီမှစတင်၍ ကြိုးပမ်းပြင်ဆင် ဆောင်ရွက်လျက်ရှိနေပါသည်။**

ဤသတင်းစကားများကြောင့် စာရေးသူသည် ဆီထွက်သီးနှံနေကြာစိုက်ပျိုး ထုတ်လုပ်မှုအဆင့်ဆင့်ကို နေကြာစိုက်တောင်သူများထံ အချိန်မီ သတင်းစကား လက်ဆောင်ပါးလိုပါသောကြောင့် ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဆက်သွယ်မေးမြန်းသတင်းစကားရယူပြီး ရရှိသော နေကြာစိုက်ပျိုးရေး သိကောင်းစရာအချက်အလက်များကို နေကြာတောင်သူများထံ တိုက်ရိုက်သတင်းစကား လက်ဆောင်ပါးလိုက်ရပါသည်။



### ဝင်ငွေတိုးသော သီးနှံမျိုးဖြစ်

ယင်းဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးကို ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ နေကြာစိုက်ဧကပေါင်း ၁ ဒသမ ၅ သန်း စိုက်ပျိုးသွားမည်ဖြစ်သည်။ စိုက်ဧက အပြည့်အဝအောင်မြင်ဖြစ်ထွန်းစေရေးအတွက်လည်း အဘက်ဘက်က ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။ အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် နေကြာသည် စိုက်ပျိုးရလွယ်ကူသော သီးနှံမျိုးဖြစ်သည်။ စိုက်ပျိုးစရိတ်သက်သာသော သီးနှံလည်းဖြစ်သည်။ တစ်ယူနစ်ဧရိယာမှ ထွက်ရှိသော ဆီထွက်နှုန်းလည်း ပိုမိုသော သီးနှံဖြစ်သည်။ ထို့ပြင် စိုက်ပျိုးသူ နေကြာတောင်သူများအတွက် အကျိုးအမြတ် ကျိန်းသေရရှိနိုင်သော၊ သေချာရေရာသော သီးနှံမျိုးဖြစ်သည်။ ဝင်ငွေတိုးတက်ရရှိစေပြီး အစားအစာ ဘေးကင်းလုံခြုံစေသော သီးနှံမျိုး ဖြစ်ပါသည်။

ထို့ကြောင့်လည်း တောင်သူများက နေကြာကို လိုလိုလားလား စိုက်ပျိုးလိုကြခြင်း ဖြစ်သည်။ နေကြာသီးနှံကို တစ်နှစ်တစ်ရာသီသာ စိုက်ပျိုးနိုင်သော ဒေသများတွင် သီးသန့်စိုက်ပျိုးကြခြင်းဖြစ်သည်။ နေကြာသီးနှံကို တစ်နှစ်တစ်ရာသီသာ စိုက်ပျိုးနိုင်သောဒေသများတွင် သီးသန့်စိုက်ပျိုးကြခြင်း ဖြစ်သည်။ ဆီထွက်သီးနှံနေကြာမှာ ဘက်စုံရသီးနှံမျိုးဖြစ်သည်။ ဆီထွက်သီးနှံနေကြာကို သီးထပ်လည်း စိုက်ပျိုးနိုင်ကြသည်။ စပါးအပြီး သီးထပ်စိုက်ပျိုးခြင်း၊ သက်လျှင်၊ သက်လတ်စပါးမျိုးများ ရိတ်သိမ်းအပြီး (မြေအစိုဓာတ်) မခန်းခြောက်မီ အချိန်လု၍ ထွန်ယက်၊ ထယ်ထိုးစိုက်ပျိုးခြင်းတို့အပြင် နေကြာသီးနှံကို ကျင်းတူး၍ စိုက်ပျိုးနိုင်သည်။ ကျင်းတူး၍ စိုက်ပျိုးရလျှင် ထယ်ရေး ထွန်ရေး ဆောင်ရွက်ရန်မလိုခြင်း ဖြစ်သည်။ ဆီထွက်သီးနှံနေကြာကို ယာသီးနှံများဖြစ်သော မိုးမြေပဲ၊ နှမ်းလျှင်၊ သက်လျှင်၊ ပဲတီစိမ်းနှင့် ပြောင်းဖူး စသော သီးနှံများ ရိတ်သိမ်းပြီး နောက်ပိုင်းတွင်လည်း သီးထပ်အဖြစ် စိုက်ပျိုးနိုင်ကြသည်။

ထို့ပြင် ဆီထွက်သီးနှံနေကြာကို သီးညှပ်အဖြစ်လည်း စိုက်ပျိုးနိုင်ကြသည်။ သီးညှပ်စိုက်ပျိုးရာတွင် နေကြာသီးနှံကို ဂျုံ၊ ပဲတီစိမ်း၊ ကြံနှင့် ပဲစင်းငုံ စသော သီးနှံများ၏ တန်းကြားတွင်လည်း ညှပ်၍ စိုက်ပျိုးနိုင်ကြသည်။

ဘက်စုံရ နေကြာသီးနှံကို မိုးဦးသီးနှံဖြစ်သော ချည်မျှင်ရှည်ဝါ၊ သက်လျှင်၊ ပဲတီစိမ်း၊ မိုးဦးနှမ်းလျှင်တို့ကို စိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း ဂျုံသီးနှံ၏ သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ကြပါသေးသည်။ နေကြာနှင့် အခြားသီးနှံများ တွဲဖက်စိုက်ပျိုးရာတွင် ဂျုံလေးတန်း နေကြာတစ်တန်း၊ ပဲတီစိမ်းနှင့် သီးညှပ်စိုက်ပျိုးရာတွင် ပဲတီစိမ်းလေးတန်း နေကြာတစ်တန်း၊ နေကြာကို ကြံဖြင့် သီးညှပ်စိုက်ပျိုးရာတွင် ကြံပင်နှစ်တန်း နေကြာတစ်တန်း စိုက်ပျိုး၍ရသည်။ ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံနှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးနိုင်သည်။

နေကြာတောင်သူများ အဓိကသိထားရမည့် အချက်မှာ သီးညှပ်စိုက်ပျိုးရာတွင် နေကြာကို တစ်ပင်နှင့် တစ်ပင် (တစ်ပေ) အကွာအဝေးခြား၍ စိုက်ပျိုးကြရမည်ဖြစ်သည်။ ဤအချက်မှာ အရေးကြီးသောအချက် ဖြစ်သည်။ ထို့ပြင် ဆီထွက်သီးနှံနေကြာကို ကုလားပဲ ကဲ့သို့သော သီးနှံများနှင့်လည်း ရောပြီး "သီးရော" သီးနှံအဖြစ်လည်း နေကြာကို စိုက်ပျိုးနိုင်ကြသေးသည်။

### တောင်သူများအတွက် စရိတ်သက်သာသော သီးနှံမျိုး

ဤသို့ ဆီထွက်သီးနှံနေကြာသည် သီးထပ်၊ သီးညှပ်နှင့် သီးရော သီးနှံအဖြစ် စိုက်ပျိုးနိုင်ကြသောကြောင့် နေကြာစိုက်တောင်သူများအတွက် စိုက်ပျိုးရလွယ်ပြီး စိုက်ပျိုးစရိတ်သက်သာသော သီးနှံမျိုးလည်း ဖြစ်သည်။

သို့ဖြစ်ရာ နေကြာသီးနှံအထွက်နှုန်း တိုးတက်စေမည့် အခြားနည်းလမ်းများလည်း ရှိနေပါသေးသည်။ နေကြာသတင်းစကား လက်ဆောင်ပါးလိုပါသည်။ ယင်းတို့မှာ အပင်ပေါက် ရာခိုင်နှုန်း ၈၀ နှင့် အထက်ရှိသော မျိုးကောင်းမျိုးသန့်၊ စပ်မျိုး (F1) အသုံးပြု စိုက်ပျိုးကြရမည် ဖြစ်ပေသည်။

နေကြာစိုက်ပျိုးကြမည့် တောင်သူများအနေဖြင့် အထူးမှတ်သားရမည့်အချက်မှာ မိုးရာသီတွင် မေလမှဇွန်လအတွင်း စိုက်ပျိုးရမည် ဖြစ်သည်။ မိုးနှောင်းရာသီချိန်တွင် နေကြာကို စိုက်ပျိုးမည်ဆိုပါက စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြရမည် ဖြစ်သည်။ နေကြာစိုက်ပျိုးရန်အတွက် မြေပြင်ရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ဆောင်ရွက်ထားမှသာလျှင် နေကြာစိုက်ပျိုးရေးတွင် အဆင်ပြေ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည်။

> **"နေကြာနှင့် အခြားသီးနှံများ တွဲဖက်စိုက်ပျိုးရာတွင် ဂျုံလေးတန်း နေကြာတစ်တန်း၊ ပဲတီစိမ်းနှင့် သီးညှပ်စိုက်ပျိုးရာတွင် ပဲတီစိမ်းလေးတန်း နေကြာတစ်တန်း၊ နေကြာကို ကြံဖြင့် သီးညှပ်စိုက်ပျိုးရာတွင် ကြံပင်နှစ်တန်း နေကြာတစ်တန်း စိုက်ပျိုး၍ရသည်။ ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံနှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးနိုင်သည်"**

ထို့ပြင် နေကြာတောင်သူများအတွက် နေကြာအထွက်နှုန်းတိုးတက်ရရှိရေးမှာ အဓိကအရေးပါသော အချက်ဖြစ်ပါသည်။ တစ်ဧက ဝင်ဆံ့မည့် အပင်အရေအတွက်မှာ ၂၉၀၀၀ ဝင်ဆံ့ရမည် ဖြစ်ပါသည်။ နေကြာပင်ကို တန်းကြားပင်ကြား ၂ ပေx ၉ လက်မ ထားရှိပြီး စိုက်ပျိုးရမည် ဖြစ်ပါသည်။ နေကြာမျိုးစေ့ကို (၁ ဒသမ ၅ လက်မ- ၂ လက်မ) အနက်တွင် တစ်ကျင်းလျှင် နေကြာမျိုးစေ့ နှစ်စေ့နှုန်း ထည့်သွင်း စိုက်ပျိုးရမည် ဖြစ်သည်။

ဤသို့လျှင် နေကြာအထွက်နှုန်း တိုးတက်ရရှိဖို့ဆိုလျှင် မြေပြင်ချိန်ကလည်း အရေးကြီးသည်။ မြေပြင်ချိန်တွင် တစ်ဧကလျှင် သဘာဝမြေဩဇာ ငါးတန် ( နွားလှည်း ၁၀ စီး ) ခန့်၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်တို့ကို နေကြာစိုက်ပျိုးမည့် မြေကြီးအတွင်းသို့ ထည့်သွင်းပေးထားရမည် ဖြစ်သည်။

သို့ဖြစ်ရာ နေကြာကို စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် နေကြာအထွက်နှုန်းအတွက် စိတ်ချရမည် ဖြစ်သည်။ သတ်မှတ်ထားသော နေကြာအထွက်နှုန်းလည်းရရှိမည် ဖြစ်ပေသည်။ နေကြာတောင်သူများအတွက် ဝင်ငွေတိုးပွားအကျိုးများမည့် နေကြာသီးနှံအထွက်တိုးနည်းလမ်းများကိုလည်း ထပ်မံ၍ သတင်းစကားပါးလိုပါသည်။ ယင်းတို့မှာ နေကြာသီးနှံအပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် တစ်ကျင်း တစ်ပင်ချန်ပြီး သားခွဲရမည်ဖြစ်သည်။ နေကြာအပင်ပေါက်ငယ်စဉ်မှာ ပေါင်းမြက်ကင်းစင်ဖို့ အဓိက ဖြစ်သည်။ နေကြာပင် အဖူးဝင်ချိန် (၂၅-၃၀) ရက်သားခန့်တွင် တစ်ဧကလျှင် ယူရီးယား ၅၆ ပေါင် ထပ်မံ ထည့်သွင်းပေးရမည် ဖြစ်သည်။ အဖူးဝင်ချိန် (၃၀-၃၅) ရက်သားခန့်နှင့် ပန်းပွင့်ချိန် (၅၅-၆၀) ရက်သားခန့်တွင် နေကြာပင် အခြေအနေကို ကြည့်၍ ရေပေးသွင်းရမည် ဖြစ်သည်။ မွေးမြူရေး ပျားအုံများကိုလည်း တစ်ဧကလျှင် တစ်ပုံး၊ နှစ်ပုံး ထားရှိပေးရမည် ဖြစ်သည်။

### အန္တရာယ်များကို ကာကွယ်နှိမ်နင်း

ယင်းသို့ နေကြာအထွက်နှုန်း တိုးတက်ရရှိရန် အဘက်ဘက်က ကြိုးပမ်းစွမ်းဆောင်နေကြသော်လည်း နေကြာအထွက်နှုန်း ယုတ်လျော့စေသော (သို့မဟုတ်) အထွက်နှုန်း ကျဆင်းစေသော လုပ်ငန်းတစ်ခုမှာ နေကြာသီးနှံဖျက်ပိုးမွှားအန္တရာယ်ဖြစ်သည်။ သီးနှံဖျက်ပိုးမွှားများကို သီးနှံကာကွယ်ရေး ပိုးသတ်ဆေးများဖြင့်လည်းကောင်း၊ နေကြာစိုက်ခင်းအတွင်း ဝင်ရောက်ဖျက်ဆီးသော ကြွက်အန္တရာယ်နှင့် ကြက်တူရွေးဖျက်ဆီးမည့် အန္တရာယ်များကိုလည်း ကြိုတင်ဟန့်တားကာကွယ်နှိမ်နင်းကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ နေကြာစိုက်တောင်သူများ ကြိုးပမ်းစိုက်ပျိုးခဲ့သော နေကြာပင်၏ နေကြာရိတ်သိမ်းချိန်မှာလည်း အရေးကြီးလှသည်။ နေကြာရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိဘဲ စနစ်တကျ ရိတ်သိမ်းနိုင်ပါက နေကြာအထွက်နှုန်းကို မထိခိုက်နိုင်ပါ။ တောင်သူများအနေဖြင့် နေကြာပွင့်နောက်ကျောဘက်တွင် အဝါရောင်သန်းလာပြီလား၊ မသန်းသေးဘူးလား၊ ဆိုသည်ကို လေ့လာကြည့်ရှုရပါမည်။ အဝါရောင်သန်းလာပြီဆိုပါက နေကြာပင်သက်တမ်း (၈၀-၈၅) ရက်သားခန့်တွင် နေကြာကို အချိန်မီ ရိတ်သိမ်းကြရမည် ဖြစ်ပေသည်။

ယင်းသို့ ရိတ်သိမ်းပြီးသော နေကြာပွင့်များကို နှစ်ရက်၊ သုံးရက် နေလှန်း၍ ခြွေလှေ့သန့်စင်ပါ။ ရရှိလာသော နေကြာစေ့များကို နှစ်ရက်၊ သုံးရက် နေလှန်းအခြောက်ခံပြာတီး၍ အစိုဓာတ် (၇-၉) ရာခိုင်နှုန်းတွင် သိုလှောင်ထားဖို့ ဖြစ်သည်။

နေကြာကို မျိုးကောင်း၊ မျိုးသန့် စပ်မျိုး(F1) ကို တောင်သူများစိုက်ပျိုးကြမည်ဆိုလျှင် အထွက်နှုန်းအတွက် စိတ်ချရပါသည်။ နေကြာမျိုးကောင်းမျိုးသန့်ကို ရယူသုံးစွဲခြင်းမရှိပါက နေကြာအထွက်နှုန်း လျော့နည်းရန် ဖြစ်လာနိုင်ပါသည်။

### ဘက်စုံသီးနှံဖြစ်

နေကြာ မျိုးကောင်းမျိုးသန့် ရရှိနိုင်သော နေရာများကတော့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူအသင်းအဖွဲ့များက ရောင်းချသော (နေကြာစပ်မျိုး) များကိုသာ ရယူသုံးစွဲစိုက်ပျိုးကြရန် ဖြစ်ပေသည်။ သို့ဖြစ်ရာ နေကြာသီးနှံသည် မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်း သုံးရာသီစလုံး အောင်မြင်စွာ စိုက်ပျိုးနိုင်သော ဘက်စုံသီးနှံဖြစ်ခြင်းကြောင့် နေကြာသည် ထူးခြားသောသီးနှံ ဖြစ်သည်။ စိုက်ဧရိယာ တိုးချဲ့ရေးအတွက် အခွင့်ကောင်းများ ရရှိနေသော သီးနှံလည်း ဖြစ်ပေသည်။ ဆီထွက်သီးနှံနေကြာကို အလားအလာရှိသော မြန်မာပြည်တစ်ဝန်းဒေသများတွင် နေကြာစိုက်ဧက တိုးချဲ့စိုက်ပျိုးခြင်း၊ အစေ့ထွက်နှင့် ဆီထွက်နှုန်းကောင်းသော စပ်မျိုးနေကြာမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးခြင်း ပြုလုပ်ပါက နေကြာတစ်ဧက အထွက်နှုန်းနှင့် ထုတ်လုပ်မှု တိုးတက်လာမည် ဖြစ်သည့်အပြင် "ပြည်တွင်းစားသုံးဆီ ဖူလုံ ပိုလျှံလာမည်" မှာ အသေအချာပင် ဖြစ်သည်။

သို့ဖြစ်ပေရာ နေကြာသည်ကား တောင်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်လေရာ အစေ့ထွက်နှင့် ဆီထွက်နှုန်းကောင်းသော စပ်မျိုးနေကြာကို စိုက်ပျိုးကြမည်ဆိုလျှင် နေကြာအထွက်နှုန်း သေချာစွာရရှိမည် ဖြစ်သောကြောင့် "ပြည်တွင်း စားသုံးဆီဖူလုံဖို့ သေချာရေရာအောင် နေကြာတိုးချဲ့ စိုက်ပျိုးကြပါစို့"ဟု သတင်းစကား လက်ဆောင်ပါးရေးသားလိုက်ရပါသည်။ ။

# လှိုင်းဘွဲ့မြို့နယ်၌ တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းအသိပညာပေး

ဘားအံ ဇူလိုင် ၁၇

လှိုင်းဘွဲ့မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အသိပညာပေးခြင်းကို ယမန်နေ့က လှိုင်းဘွဲ့မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်သည်။

အသိပညာပေး ဆောင်ရွက်ရာတွင် တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ မွေးမြူရေးခြံပိုင်ရှင်များကို တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သည့် ကျွဲနွား ခွာနာလျှာနာရောဂါ၊ အရေးပြားအကျိတ်နာရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါ စသည့်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ ကျွဲနွား ခွာနာလျှာနာ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများကို ဌာနဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာများ၊ မွေးမြူရေးခြံပိုင်ရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်

မြောင်းမြ ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဇူလိုင် ၁၆ ရက်က မြောင်းမြမြို့ မီးသွေးချောင်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ စိုးသီဟကျော်နှင့် ဝန်ထမ်းများက မီးသွေးချောင်းကျေးရွာအုပ်စုအတွင်းရှိ မွေးမြူသူ တောင်သူများကို ကျွဲနွား အရေပြား၊ အကျိတ်နာရောဂါ၊ ခွာနာလျှာနာ ရောဂါများအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျွဲနွားများကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ကျွဲနွား အကောင် ၃၀ ကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးနှင့် ကျွဲနွား ၃၅ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။ (ဝဲပုံ)

**ခရိုင်**

**(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇-၇-၂၀၂၂

**ရွှေ**

၁၇-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၂၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၀ ကျပ် | ၁၇၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၈၅ ကျပ် | ၁၈၂၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၇၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ७၄၀၀ | ७၄၀၀ | ၅၀ | ၃७၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၈၅၁ | ၂၂၁၃၁၅၀ |
| MCB | ७၃၀၀ | ७၃၀၀ | ၁ | ७၃၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၅၀ | ၃၈၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂ | ၉၉၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈७७)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆७-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆७-၃၆၁၄၅၊ ဖက်စ် ၀၆७-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆७-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁७၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၃၅** ကြွေလည်းဝေမြဲတမ်းတဆဲ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှို့ဝှက်ချက်' (အပိုင်း-၁၀၆)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း-၂၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၂)

**mitv**

- **07:02** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- **07:11** Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
- **07:24** The Beauty In The North Of Myanmar
- **07:40** Myanmar Traditional Brass Embossed Painting
- **08:01** Bogyoke Aung San Museum (Yangon)
- **08:16** Myanmar Street Foods
- **08:21** Myanmar's Traditions and Culture: The Golden Land
- **08:40** Impressionist Myanmar Master Artist - U Lun Gywe
- **09:01** News
- **09:26** Global Partnership for Brighter Future: Romania Pavilion at Expo 2020 Dubai
- **09:34** Discovering Tribes: Taisun (Their Life and Customs) (Part-1)
- **09:51** CHEF LIFE - PHYO ARBIDANS

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (အပိုင်း-၁)

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၁)

**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
အစွမ်းထက်တဲ့ငရုတ်ကောင်းအကြောင်း သိကောင်းစရာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ (တန်ဖိုး)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၃)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဒေါက်ဆွဲချပ်ပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
တစ်နယ်တစ်ကျေးကကယားတို့ရွာ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မုန့်ဖိုင်းတောင့်လုပ်စားရအောင်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၂၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၅** ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲစင်းငုံဟင်းစုံချက်ပြုတ်စားကြစို့
- **၀၈:၂၀** နှင်းဆီစိုက်ပျိုးခြင်းနှင့်ဈေးကွက်အခြေအနေ
- **၀၉:၂၀** ပန်းအလှဝေဆာမြေပဒေသာ
- **၀၉:၂၀** စလင်းမြို့မှ အာလူးခင်း
- **၀၉:၄၅** တိရစ္ဆာန်စာဖူလုံဖို့ စားကျက်သီးနှံစိုက်ကြစို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အွန်လိုင်းသင်ကြားရေး

**ဟိန်းဇော်လင်း**

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နှင့် (အောက်မြန်မာပြည်)တွင် “ထက်မြက်သော စီမံခန့်ခွဲမှုမှသည် ကောင်းမွန်သောအုပ်ချုပ်မှုဆီသို့” ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို သင်တန်းသားဗဟိုပြုစနစ်ဖြင့် ခေတ်မီသင်ခန်းစာများနှင့် ထိရောက်သည့် ပို့ချမှုစနစ်များဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးစားအားထုတ် သင်ကြားလျက်ရှိသည်။**


ထိုသို့ သင်ကြားပေးလျက်ရှိရာတွင် ယခင်က Inhouse system ဖြင့်သာ သင်ကြားခဲ့ရာမှ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဖြစ်ပွားသည့်ကာလမှစတင်ကာ ယနေ့အထိ သင်တန်းများအား အရှိန်အဟုန်မပျက် အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲဖွင့်လှစ် ပို့ချခြင်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။


**ခေတ်မီသည့် နည်းပညာများ**

အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးရာတွင် သင်တန်းတက်ရောက်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အညီ ခေတ်မီသည့် နည်းပညာများကိုလည်း မျက်ခြည်မပျက် လေ့လာနေကြရမည်ဖြစ်သည်။

အွန်လိုင်းစနစ်ဖြင့် သင်တန်းတက်ရောက်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် အဓိကလိုအပ်ပေသည်။ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတို့တွင် သင်တန်းတက်ရောက်ရာ၌ လိုအပ်သည့် Google အသုံးပြုရန် Chrome Browser နှင့် Zoom၊ Email၊ Viber၊ Youtube ဆော့ဖ်ဝဲများ အခြေခံအသုံးပြုနည်းများကို သိရှိထားပြီး ထည့်သွင်းထားပါက အွန်လိုင်းစနစ်ဖြင့် သင်တန်းတက်ရောက်ခြင်းမှာ နည်းပညာအနေဖြင့် အခက်အခဲရှိမည်မဟုတ်ပေ။ အဆိုပါဆော့ဖ်ဝဲများအပြင် PDF ဖိုင်များ ဖွင့်ကြည့်လေ့လာနိုင်ရန် PDF ဆော့ဖ်ဝဲ၊ Word၊ ပါဝါပွိုင့်ဆော့ဖ်ဝဲများကိုလည်း သင်တန်းတက်ရောက်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကြိုတင်ထည့်သွင်းထားရန် လိုအပ်သည်။ ဆော့ဖ်ဝဲများကို ကျွမ်းကျင်စွာ အသုံးမပြုတတ်လျှင် သင်တန်းသားများအနေဖြင့် ယင်းအခက်အခဲများကြောင့် သင်ခန်းစာများကို စိတ်ဝင်တစား လေ့လာမှတ်သားနိုင်မည် မဟုတ်ပေ။

စာရေးသူသည် အွန်လိုင်းစနစ်ဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သူရိန် ၉၀ တွင် သင်တန်းတက်ရောက်လျက်ရှိပါသည်။ လက်ရှိသင်တန်းကာလ တစ်လပြည့်ပြီးသည်အထိ အထက်ပါတင်ပြခဲ့သည့် ဆော့ဖ်ဝဲများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုနိုင်သည့် သင်တန်းသားများရှိနေသည်ကို လေ့လာသတိထားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) (Cen-tral Insitute of Civil Service-Upper Myanmar) ဝက်ဘ်ဆိုက်ဖြစ်သည့် http://www.cicsum.edu.mm ကို ဝင်ရောက်ကြည့်ရှုရန်ပင် အခက်အခဲဖြစ်နေခြင်း၊ ယင်းဝက်ဘ်ဆိုက်ကို Chrome အသုံးပြုပြီး ဝင်ရောက်ကြည့်ရှုခြင်းထက် လွယ်ကူသောနည်းလမ်းအနေဖြင့် CICS UM LMS အက်ပလီကေးရှင်း (Learning Management



**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် သင်တန်းများပို့ချရာတွင် လုပ်ငန်းခွင်မပျက်စေရန် အဓိကရည်ရွယ်ပြီး အွန်လိုင်းစနစ်ဖြင့် ပို့ချပေးခြင်းဖြစ်သည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် Tutorial များ ဖြေဆိုခြင်း၊ ဘာသာရပ်အလိုက် Assignment တင်ခြင်းများကို Zoom စနစ်ဖြင့် ဆွေးနွေးပို့ချပြီးနောက် LMS ဆော့ဖ်ဝဲတွင် သင်တန်းသားများအနေဖြင့် ဖြေဆိုကြရမည်ဖြစ်သည်။ တနင်္လာနေ့မှ သောကြာနေ့အထိသည် LMS တွင် လွှင့်တင်ထားသည့် အပတ်စဉ် ကြည့်ရှုလေ့လာရမည့် ဘာသာရပ်များအလိုက် PDF ဖိုင်၊ Word ဖိုင်၊ ပါဝါပွိုင့်ဖိုင်များကို သင်တန်းသားများအနေဖြင့် ဒေါင်းလုပ်ရယူပြီး လေ့လာကြရမည်ဖြစ်သည်။**

System-LMS) ကို ပလေးစတိုးမှ ဒေါင်းလုပ်ရယူပြီး မိုဘိုင်းဖုန်းတွင် ထည့်သွင်းကြည့်ရှုနိုင်သည်ကို ကောင်းစွာ အသုံးမပြုတတ်ခြင်း၊ သင်တန်းသားများ ဆုံစည်းရာဖြစ်သည့် Viber Group တွင် ထပ်ခါထပ်ခါ မေးမြန်းနေခြင်းကို တွေ့ရှိရသည်။

အနည်းငယ်သော သင်တန်းသားအချို့သည် အွန်လိုင်းစနစ်ဖြင့် သင်တန်းတက်ရောက်ခြင်းထက် မြေပြင်သင်တန်းမှာသာ တက်ရောက်လိုကြသည်။ အဘယ့်ကြောင့်ဆိုသော် အွန်လိုင်းသင်ယူမှုစနစ်တွင် အသုံးပြုရသည့် ဆော့ဖ်ဝဲများကို ကောင်းစွာအသုံးမပြုတတ်၍ ဖြစ်ပေသည်။ ယင်းဆော့ဖ်ဝဲအသုံးပြုမှုကို သိရှိနားလည်သည့်ဝန်ထမ်းများမှာမူ အွန်လိုင်းစနစ်ဖြင့် သင်တန်းတက်ရောက်ရခြင်းကြောင့် သက်သောင့်သက်သာရှိကြသည်။

**ပို့ချပေးသည့်စနစ်**

အွန်လိုင်းမှ ပို့ချပေးသည့်စနစ်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်တန်းသားများ၏ အီးမေးလ်တွင် သင်တန်းစတင်ဖွင့်လှစ်မည့် နေ့ရက်၊ Zoom အက်ပလီကေးရှင်းဖြင့် ဆွေးနွေးရန် IP Code နှင့် Password ကို ပေးပို့သည်။ ထို့နောက် သင်တန်းစတင်မည့် ရက်၏ ရှေ့တွင် တစ်ရက် ကြိုတင်ခေါ်ယူပြီး သင်တန်းသားများ၏ ကသနံပါတ်များကို ကြည့်ရှုစေသည်။ ယင်းနောက် http://www.cicsum.edu.mm တွင် မိမိ ကသနံပါတ်ဖြင့် တက်ရောက်ရမည့် သက်ဆိုင်ရာ သင်တန်းအမှတ်စဉ်တွင် ဝင်ရောက်ကြည့်ရှုရသည်။ သင်တန်းသားများအနေဖြင့် CICS UM LMS အက်ပလီကေးရှင်းကို မိမိ၏ လက်ကိုင်ဖုန်းများတွင် ဒေါင်းလုပ်ရယူပြီး ကြိုတင်လေ့လာနိုင်သည်။ CICS UM LMS အက်ပလီကေးရှင်းသည် သင်တန်းသားများ LMS သို့ Login ဝင်ခြင်း၊ သင်တန်းသားများအနေဖြင့် ဘာသာရပ်များ လေ့လာခြင်း၊ Assignment Upload ပြုလုပ်ခြင်းနှင့် Quiz/Tutorial များ ဖြေဆိုခြင်းများကို တစ်ဆင့်ချင်း ရှင်းပြထားသော ဆော့ဖ်ဝဲဖြစ်သည်။ သင်တန်းသားများအနေဖြင့် ယင်း CICS UM LMS အက်ပလီကေးရှင်းကို မဖြစ်မနေသိထားရန် လိုအပ်သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အနေဖြင့် သင်တန်းများပို့ချရာတွင် လုပ်ငန်းခွင်မပျက်စေရန် အဓိကရည်ရွယ်ပြီး အွန်လိုင်းစနစ်ဖြင့် ပို့ချပေးခြင်းဖြစ်သည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် Tutorial များ ဖြေဆိုခြင်း၊ ဘာသာရပ်အလိုက် Assignment တင်ခြင်းများကို Zoom စနစ်ဖြင့် ဆွေးနွေးပို့ချပြီးနောက် LMS ဆော့ဖ်ဝဲတွင် သင်တန်းသားများအနေဖြင့် ဖြေဆိုကြရမည်ဖြစ်သည်။ တနင်္လာနေ့မှ သောကြာနေ့အထိသည် LMS တွင် လွှင့်တင်ထားသည့် အပတ်စဉ် ကြည့်ရှုလေ့လာရမည့် ဘာသာရပ်များအလိုက် PDF ဖိုင်၊ Word ဖိုင်၊ ပါဝါပွိုင့်ဖိုင်များကို သင်တန်းသားများအနေဖြင့် ဒေါင်းလုပ်ရယူပြီး လေ့လာကြရမည်ဖြစ်သည်။

အရာထမ်းငယ် အခြေခံသင်တန်းတက်ရောက်နေကြသူများသည် မကြာမီကာလတွင် အရာရှိများ ဖြစ်လာကြမည်ဖြစ်သည်။ အရာရှိများ ဖြစ်လာကြမည့် အရာထမ်းငယ်များအနေဖြင့် ခေတ်နှင့်လိုက်လျောညီထွေဖြစ်သည့် နည်းပညာများကို နားလည်တတ်ကျွမ်းနေလျှင် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် e- Government ကို ထဲထဲဝင်ဝင် တစ်ဖက်တစ်လမ်းမှ ပါဝင်ထောက်ပံ့နိုင်ကြမည် ဖြစ်ပါကြောင်း။ ။

---

## ပခုက္ကူမြို့နယ်၌ Cash for Work စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

ပခုက္ကူ ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ Cash for Work (CFW) စီမံကိန်းအကောင်အထည်ဖော်မည့် ကျွန်းညိုကြီး (ရွာသစ်)ကျေးရွာမှ စီမံကိန်းကော်မတီဝင်များအား စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို ဇူလိုင် ၁၆ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်လင်းနိုင်က စီမံကိန်းအကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းက စီမံကိန်း၏ ရည်ရွယ်ချက်ဖြစ်သည့် ကိုဗစ်ကာလအတွင်း အလုပ်အကိုင်ရှားပါးသော ကျေးလက်နေပြည်သူများ လုပ်အားခဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေရန်ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့၍ Cash for Work စီမံကိန်းဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်း၏ လုပ်ငန်းစဉ်များ၊ ကျေးရွာကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းတာဝန်ခံများက စီမံကိန်းအတွက် ဝယ်ယူရေးလုပ်ထုံးလုပ်နည်းများ၊ ငွေကြေးစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များစသည့် သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ ကျွန်းညိုကြီး (ရွာသစ်)ကျေးရွာမှ ကော်မတီဝင် ခုနစ်ဦး တက်ရောက်သင်ယူခဲ့သည်။

မယ်သင်း

# ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထား

**ကော့သောင်း ဇူလိုင် ၁၇**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၁၅ ဦး ၊ အမျိုးသမီး၅၃ ဦး စုစုပေါင်း ၁၆၈ ဦးကို ဇူလိုင် ၁၆ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလတစ်လျှောက် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံရသူများဖြစ်ကာ ကော့သောင်းခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများ ပါဝင်လာခြင်း ရှိမရှိ၊ မူးယစ်ဆေးဝါးသယ်ဆောင်လာခြင်း ရှိ မရှိ သတိပြုစစ်ဆေး လက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။

ပြန်လည်ဝင်ရောက်လာသူများမှ ကိုဗစ်–၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများကို တတိယအကြိမ် ဘိုစတာ ထပ်ဆောင်းထိုးနှံပေးပြီး မိမိတို့နေရပ်အသီးသီးသို့ ချက်ချင်းပို့ဆောင်ပေးသွားမည်ဖြစ်ကာ ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူနှင့် တစ်ကြိမ်သာထိုးနှံထားသူများကို ရောဂါပိုး စစ်ဆေးမှုများ ဆောင်ရွက်ပြီး ကော့သောင်းမြို့ရှိ Quarantine



Center သုံးခုတွင် အမျိုးသား၊ အမျိုးသမီး သီးခြားစီ ခွဲခြားထားရှိပြီး သုံးရက်အသွားအလာ ကန့်သတ်ထားရှိကာ စောင့်ကြည့်စစ်ဆေးပြီး ရောဂါပိုးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မြိုင်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ e -ID စနစ် Software Program ရိုက်ကူးနည်းသင်တန်းဖွင့်

**မြိုင် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) e–ID စနစ် Software Program အတွင်း ရိုက်ကူးနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ထွေ/ အုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်က အမှာစကား ပြောကြားရာ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ရေးသွင်းရာတွင် ကန့်သတ်ကာလနှင့် ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တက်ရောက်ကြသည့်သင်တန်းသားအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) e–ID စနစ် Software Program အတွင်း ရိုက်သွင်းနည်းများကို စာတွေ့ လက်တွေ့ နည်းစနစ်များဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းအတွက် မြိုင်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၅၈၂၉၄ စုတို့အား e–ID စနစ် Software Program အတွင်း ရိုက်သွင်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၁ ရက်နေ့အပြီး ရေးသွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခါနု**

# မကွေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မကွေး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြည်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇောဟိန်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများသည် ကြည်တလုံးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းစာရင်းဇယားများဖြည့်သွင်းထားရှိမှုနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင်အသေးစားစီးပွားရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်နှင့် ကော်မတီဝင်များကလည်း စာရင်းဇယားများ ပုံမှန်ဖြည့်သွင်းကြရန် မှာကြားသည်။

အဆိုပါ ကြည်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ အိမ်ထောင်စု ၁၆၅ စုအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၁ သန်း ထုတ်ချေးထားပြီး အရင်းဆပ်ကာလ ၁၂ လ၊ အတိုးဆပ်ကာလ နှစ်လတစ်ကြိမ်၊ ငွေတစ်ရာကျပ်အတွက် တစ်လလျှင် အတိုးနှုန်း ပြားငါးဆယ်ကို ကျေးရွာကော်မတီနှင့် အသင်းသားများ၏ အများသဘောတူ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားရှိကြောင်း သိရသည်။ **အထွေး**

# ပုသိမ်မြို့၌ မျက်စိအလင်းဒါနအလှူ ပြန်လည်ပြုလုပ်ပေး

**ပုသိမ် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်မျက်စိအလင်းဌာန အလှူပြုလုပ်ခဲ့ရာ ယခင်နှစ်များ၌ ကိုဗစ်– ၁၉ ရောဂါအခြေအနေများကြောင့် မျက်စိအခမဲ့ခွဲစိတ်ပေးခြင်းကို မပြုလုပ်ပေးနိုင်ခဲ့သော်လည်း ယခုနှစ် ငါးလပိုင်းမှ စတင်ကာ တစ်လလျှင် တစ်ကြိမ် မျက်စိအလင်းဒါန အလှူပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အီးတီ ကျန်းမာရေးဖောင်ဒေးရှင်း မျက်စိအခမဲ့ခွဲစိတ်ကုသဆေးခန်း မျက်စိအလင်းဒါနအလှူတော်ကို The Fred Hollows Foundation က ကူညီထောက်ပံ့ လှူဒါန်းပေးခဲ့ကာ မြို့တော်အထူးကုဆေးခန်းနှင့် အဆင့်မြင့်ရောဂါရှာဖွေရေးစင်တာမှ လုပ်အားဒါန ကုသိုလ်ပြုပါဝင်လှူဒါန်းကာ ယခုနှစ် ငါးလပိုင်းတွင် မျက်စိဝေဒနာရှင် ၇၈၄ ဦး၊ ခြောက်လပိုင်းတွင် ၃၃၁ ဦးတို့ကို အောင်မြင်စွာ အခမဲ့ ခွဲစိတ်ပေးနိုင်ခဲ့ပြီး ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ မျက်စိဝေဒနာရှင် ၂၅၀ ကို ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

ဧရာဝတီ တိုင်းဒေသကြီး အတွင်းရှိ မျက်စိဝေဒနာရှင်များ အနေဖြင့် မျက်စိခွဲစိတ်ကုသလိုပါက ပုသိမ်မြို့ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဖုန်းနံပါတ် 09–443347090 နှင့် 09–943329633 တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး မျက်စိဒါနအလင်းကုသိုလ်အလှူ၌ သဒ္ဓါကြည်ဖြူစွာ ပါဝင်လှူဒါန်းလိုသူများအနေဖြင့်လည်း ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြင့်ဟန်**



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မိုင်းခုတ်မြို့၌ စီးပွားဖြစ်စိုက်ပျိုးထားသော ဟော်လန်ပန်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းခုတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခုတ်မြို့ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်လျက်ရှိရာ အမှတ်(၂) ရပ်ကွက်(ဝမ်ဝိန်း)ရှိ စိုက်ပျိုးရေး တောင်သူ ဦးမောင်ဦး၏ ခြံဝင်းအတွင်း စီးပွားဖြစ်စိုက်ပျိုးထားသော ဟော်လန်ပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဟော်လန်ပန်းများကို စတင်စိုက်ပျိုးရာတွင် မျိုးဥများကို ဝယ်ယူစိုက်ပျိုးရကြောင်း၊ ရေကြိုက်သဖြင့် ရေလောင်းရသော်လည်း ရေဝပ်တာကိုတော့ မကြိုက်ကြောင်း၊ စတင်စိုက်ပျိုးပြီး ၁၅ ရက်တစ်ကြိမ် ရွက်စားဆေးဖျန်းရကြောင်း၊ စိုက်ပျိုးပြီး နှစ်လအကြာတွင်စတင်အပွင့်ပွင့်ကြောင်း၊ ရောင်းချရာတွင် ငါးခက်တစ်စည်းလျှင် ငွေကျပ်နှစ်ထောင်ဖြင့်ရောင်းချရကြောင်း၊ ပန်းများအားလုံးခူးယူရောင်းချပြီး နှစ်လအကြာတွင် ပန်းဥများကို ပြန်လည်တူးဖော်ထားရကြောင်း၊ နောက်တစ်ကြိမ်စိုက်ပျိုးသည့်အချိန်ရောက်မှ ပြန်လည်စိုက်ပျိုးရကြောင်း၊ တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးကြောင်း ပန်းစိုက်တောင်သူ ဦးမောင်ဦးက ပြောသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ဗန်းမော်မြို့နယ် စီဟဲကျေးရွာ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**ဗန်းမော် ဇူလိုင် ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၉၀)စက်မှုလယ်ယာစခန်း ဗန်းမော်မြို့မှ ဦးဆောင်၍ ကောက်စိုက်စက် ခြောက်တန်းသွားဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ဗန်းမော်မြို့နယ် စီဟဲကျေးရွာ ကွင်းအမှတ်(၁၈၅)၊ ဦးပိုင်အမှတ် (၂၂/၂) တောင်သူ ဦးဇေယျာအောင်၏လယ်ယာမြေ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီဟဲကျေးရွာမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်းက တောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ အလုပ်သမားများ ရှာဖွေရသည့် အခက်အခဲလျော့ကျခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များပြုစုထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ ပျိုးပင်များနုတ်ယူရန် မလိုခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ ကောက်ပင်လှန်ရက်စောင့်ဆိုင်းရန်မလိုခြင်း၊ လေဝင်လေထွက်ကောင်းပြီး စပါးထွက်နှုန်းကောင်းစေခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းကို စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။



**ကိန်းဖြူ(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးနိုင်ရေးအတွက် သင်းတွဲမြောင်းမှ တိုက်ရိုက်ရေပေးပြွန်ငါးလုံး ပြန်လည်ပြုပြင်

**ကျောက်ဆည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သီးနှံမျိုးစုံစိုက်ဧက ၃၈၀ ရေပြည့်ဝစွာ ပေးဝေနိုင်ရေး သင်းတွဲမြောင်းမှ တိုက်ရိုက်ရေပေးပြွန် ငါးလုံးကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

ပြန်လည်ပြုပြင်ပေးလျက်ရှိသည့် တိုက်ရိုက်ရေပေးပြွန်များမှာ ပေတိုင်အမှတ် အာဒီ (၆+၉၅၀)၊ (၄၇+၇၇၆)၊ (၅၃+၄၉၅)၊ (၅၅+၉၅၅)၊ (၅၇+၂၇၃) တို့မှ ရေပေးပြွန်များဖြစ်ပြီး အရှည်ပေ ၂၀၊ အကျယ် ကိုးလက်မ ပြွန်နှစ်လုံး၊ အရှည်ပေ ၂၀၊ အကျယ်ရှစ်လက်မ ပြွန်နှစ်လုံး၊ အရှည်ပေ ၂၀၊ အကျယ်ခြောက်လက်မ ပြွန်တစ်လုံး၊ သံကူကွန်ကရစ် ရေပေးပြွန်ငါးလုံးကို ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်းနှင့် ရေပြွန်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် ရေအလေအလွင့်နည်းစေရန်အတွက် ရေပြွန်ထိပ်နဖူးစည်းများတွင် ကျောက်သားနံရံစီခြင်း၊ ထိန်းချုပ်ရေတံခါး တပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ တိုက်ရိုက်ရေပေးပြွန်များ ပြုပြင်ပြီးပါက သီးနှံမျိုးစုံဧက ၃၈၀ အတွက် စိုက်ပျိုးရေများ ပေးဝေရာတွင် ရေထိန်းချုပ်ရေတံခါးများဖြင့် လိုအပ်သည့်အချိန်၌ လိုအပ်သလို ညီညွတ်မျှတစွာ ပေးဝေနိုင်တော့မည်ဖြစ်သောကြောင့် ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ လိုအပ်သည့် ရေပမာဏပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မိုးရာသီ နာနတ်သီးများ ဖြိုင်ဖြိုင်ပေါ်၍ ဈေးကွက်အတွင်း ဝင်ရောက်လာ


**ရေတာရှည် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ ထွက်ရှိသည့် နာနတ်သီးများ ဈေးကွက်အတွင်းဝင်ရောက်လာသည်ကို တွေ့ရသည်။

စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းဒေသများဖြစ် သည့် ကရင်ပြည်နယ် သံတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တောင်ပေါ်ဒေသများတွင် နာနတ်ပင်များကို အများအပြား စိုက်ပျိုးထားရှိပြီး မိုးရာသီ၌ ဖြိုင်ဖြိုင်ပေါ်လေ့ရှိကာ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များရှိ ကားဂိတ်နှင့် လူစည်ကားသည့်နေရာများ၊ ဈေးများအတွင်းရောင်းချကြခြင်းဖြစ်သည်။ အရည်ရွှမ်း၍ ချိုချဉ်အရသာရှိသော နာနတ်သီးများသည် ကျန်းမာရေးအတွက် ဗီတာမင်စီနှင့် အမျှင်ဓာတ်များ ပေါကြွယ်ဝသည့်အတွက် စားသုံးသူများအနေဖြင့် ဈေးသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြခြင်းဖြစ်သည်။

ယခုရက်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဘက်မှ ထွက်ရှိသော ပျားရည်မျိုး နာနတ်သီးများ ကားအစီးလိုက် လှည့်လည်ရောင်းချရာတွင် တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းကျသင့်ပြီး ပြန်လည်ရောင်းချသူများက နာနတ်သီးစိတ် တစ်စိတ်လျှင် ငွေကျပ် ၂၀၀ ဖြင့် ကားဂိတ်များတွင် ပြန်လည်ရောင်းချကြခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**



## ငဖဲမြို့ ချင်းစုရပ်ကွက်၌ ပန်ဖူးစားပြောင်းများစိုက်ပျိုးရောင်းချပြီး မိသားစုပံ့မှန်ဝင်ငွေရ

**ငဖဲ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့မရပ်ကွက် ချင်းစုရပ်မှ တောင်သူများအနေဖြင့် မြို့၏အရှေ့ဘက်ရှိ လယ်မြေများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မြေအောက်ရေနှင့် ဆည်ရေကို အသုံးပြု၍ ဟင်းသီးဟင်းရွက်များနှင့် ပန်ဖူးစားပြောင်းများကို ရာသီအလိုက် စိုက်ပျိုးရောင်းချပြီး မိသားစုပံ့မှန်ဝင်ငွေရရှိ၍ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း တောင်သူ ဦးထွန်းထွန်းလေးထံမှ သိရသည်။

ကျွန်တော်စိုက်ပျိုးသည့် ပြောင်းမျိုးက ပါဖယ်ဝိုက်မျိုးဖြစ်ပြီး ပြောင်းဖူးစေ့ ၅၀၀ ဂရမ် တစ်ထုပ်ကို ငွေကျပ် ၂၀၀၀၀ ခန့်ပေးရကြောင်း၊ အပင်ကို ကြားကြောင်းဆွဲပြီး အစေ့ချစနစ်နှင့် ပင်တန်းကြား နှစ်ပေခွဲ၊ အပင်ကြား ၁၂ လက်မအကွာ ကြားချပြီးစိုက်ပျိုးကြောင်း၊ အပင်ရက်သား ၂၀ မှာ ပေါင်းလုပ်၊ ရေသွင်း၊ အပင်သန်သည့် မြေဩဇာကျွေး ဆေးဖျန်းခြင်းများဆောင်ရွက်ပေးရကြောင်း၊ ယခုအခါမန်းဆည်မှ နွေစပါးများအတွက် အောင်ရေပေးဝေနေဆဲကာလဖြစ်သည့်အတွက် အထူးရေသွင်းနေစရာမလိုဘဲ အဆင်ပြေနေကြောင်း၊ ပြောင်းပင် စတင်စိုက်ပျိုးရက်မှ သုံးလခန့်ရောက်လျှင် ခူးချိုး၍ရကြောင်း၊ မိမိ၏လယ်မြေတစ်ဧကတွင် ပြောင်းပင်ပေါင်း နှစ်သောင်းခန့်စိုက်ပျိုးထားပြီး နှစ်ပတ်လည်အနေဖြင့် လခြားပြီး နှစ်ကြိမ်စိုက်ပျိုးကြောင်း၊ ဝမ်းစာအတွက် မိုးစပါးကို တစ်ကြိမ်သာ စိုက်ပျိုးပြီး စပါးပြီးပါက ပြောင်း၊ငရုတ်၊ခရမ်းချဉ်၊သခွား၊တိုင်ထောင်ပဲများကို ရာသီအလိုက်စိုက်ပျိုးရောင်းချကြောင်း၊ ပြောင်းခင်းတစ်ဧကလျှင် ရင်းနှီးငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျပြီး ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၂၀၀ နှုန်းရောင်းရ၍ အသားတင်ငွေကျပ် ရှစ်သိန်းခန့်ရရှိကြောင်း၊ ပန်ဖူးစားပြောင်းကို နှစ်စဉ်မပျက် စိုက်ပျိုးရောင်းချရာ အဆင်ပြေ၍ ခုတ်ပြီးသားပြောင်းပင်များကို နွားစာအတွက် တစ်ဧက အခင်းပြတ် ငွေကျပ် ၂၅၀၀၀ ခန့်ရောင်းရကြောင်း၊ စီးပွားရေးတွက်ခြေကိုက်ပြီး အဆင်ပြေကြောင်း ချင်းစုရပ်ကွက်မှ ပြောင်းစိုက်ပျိုးသော တောင်သူ ဦးထွန်းထွန်းလေး က ပြောသည်။

**မယု(ငဖဲ)**

## လေးမျက်နှာမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်



**လေးမျက်နှာ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကတက်ကုန်းကျေးရွာအုပ်စု ရွာသစ်စုကျေးရွာ တိရစ္ဆာန်အသက်ကယ်ကုန်းနှင့် ကတက်ကုန်းကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လေးမျက်နှာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ နွယ်နွယ်အောင်နှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW) များပူးပေါင်း၍ သရုပ်ပြခြင်း၊ ကျွဲနွားများကို ကာကွယ်ဆေးထိုးခြင်း၊ သရုပ်ပြပိုးသတ်ဆေးများဖျန်းခြင်း၊ ခြင်၊ ယင်နှင့် မှွားစသောရန်မှ ကာကွယ်ရန် အသိပညာပေးခြင်း၊ အရေပြားအကျိတ်နာရောဂါ (LSD) အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရောဂါနမူနာပစ္စည်းရယူရန် အစမ်းလေ့ကျင့်ခြင်းများကို အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW) များ ပူးပေါင်း၍ ဇူလိုင် ၁၁ ရက် မှ ၁၇ ရက်အထိ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ချောင်းဆုံမြို့၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ချောင်းဆုံ ဇူလိုင် ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်ဖြင့် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင် တိရစ္ဆာန်ရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့ရီက ဦးဆောင်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျွဲ၊ နွားအရေပြားအကျိတ်နာရောဂါနှင့် ပတ်သက်သည့် ပိုစတာစိုက်ထူခြင်း၊ ပညာပေးဟောပြောခြင်း၊ ရောဂါလက္ခဏာများ၊ ကူးစက်ပျံ့နှံ့ပုံနှင့် ကာကွယ်ရေးနည်းလမ်းများကို ပြည်သူများအား ရှင်းလင်းပြောကြား၍ မွေးမြူရေးခြံများသို့ သွားရောက်ပြီး အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခဲ့သည်။

ချောင်းဆုံမြို့နယ်တွင်တိရစ္ဆာန်များ ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနအနေဖြင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းပြီး အဆိုပါအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ပင်လောင်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။




ဟောပြောပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က ကျောင်းသားကျောင်းသူများအား မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် သိရှိလိုက်နာရမည့်အချက်များ၊ ယာဉ်များ အသုံးပြုရာတွင် ပေါ့ဆစွာအသုံးပြုခြင်းကြောင့် စက္ကန့်ပိုင်းအတွင်း ဆုံးရှုံးသွားနိုင်သော အသက်အန္တရာယ်များ၊ လမ်းအသုံးပြုခြင်းနှင့် ပတ်သက်၍ လိုက်နာသင့်သည့်အချက်များ စသည့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေး အသိပညာပေးခြင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် နောက်ဆက်တွဲ အန္တရာယ်များ၊ မူးယစ်ဆေးဝါးကြောင့် ပျက်စီးဆုံးရှုံးသွားသောဘဝများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ထိခိုက်နစ်နာမှုများကို ရှင်းလင်းဆွေးနွေးပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးက စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသူ ကျောင်းသားများ ကိုယ်စား ကျောင်းအုပ်ကြီးက လက်ခံယူသည်။

ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ ပင်လောင်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

ခွန်ရဲမင်းပိုင်(ပင်လောင်း)

## ချောင်းဦးမြို့တွင် မိုးစပါး တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး နည်းပညာပေးသင်တန်းဖွင့်

**ချောင်းဦး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ကျေးရွာအုပ်စု ငါးအုပ်စုမှ အကျိုးဆောင်တောင်သူများအား ဖိတ်ကြားပြီး မိုးစပါး တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို ဇူလိုင် ၁၆ ရက်က ဖွင့်လှစ်ကာ သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကျော်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် သွင်းအားစု ပံ့ပိုးပစ္စည်းများကို စိုက်ပျိုးရေးလုပ်ကိုင်နေသည့် အကျိုးဆောင် တောင်သူများထံ ထောက်ပံ့ပေးအပ်သလို စိုက်ပျိုးရေးဦးစီးဌာနကလည်း မိုးစပါးစိုက်ပျိုးရာတွင် တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိနိုင်သည့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနေကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မြတ်မြတ်ဦးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ယူရီးယားမြေဩဇာ၊ ဆင်းသုခ မျိုးကောင်းမျိုးသန့် မျိုးစပါးများ၊ သဘာဝပိုးတားဆေးပုံးများ စသည့်သွင်းအားစုပစ္စည်းများကို အကျိုးဆောင်တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။



သင်တန်းသို့ ကျေးရွာအုပ်စု ငါးအုပ်စုမှ အကျိုးဆောင် တောင်သူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် မိုးစပါး တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် စိုက်ပျိုးရေး နည်းပညာများ၊ လိုက်နာရမည့်အချက်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဘက်စုံပိုးမွှားကာကွယ်ရန် နည်းစနစ်များ၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲနည်း၊ သဘာဝပိုးတားဆေးသုံးစွဲနည်းနှင့် မိမိတို့ စိုက်ပျိုးမည့်ယာမြေတွင် မြေချဉ်ငန်ကို မိမိတို့အိမ်အတွင်း မီးဖိုချောင်ရှိ ပစ္စည်းများဖြစ်သည့် ရှာလကာရည်၊ စားဆိုဒါဖြင့် တိုင်းတာနည်းများ စသည်တို့ကို တာဝန်ရှိသူများက သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်ဆက်)

## တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ကန့်ဘလူ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အတွင်း မြို့ပေါ်ရှိ ကျွဲ၊နွားမွေးမြူရေးခြံများနှင့် ကျေးရွာများသို့ ကွင်းဆင်းကာ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်းမှ ကျွဲ၊ နွားမွေးမြူရေးခြံများ၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည့်အပြင် မြို့နယ်ရုံး၌ အသိပညာပေးဗီနိုင်းပိုစတာစိုက်ထူ၍ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် ဌာနဝန်ထမ်းများနှင့်အတူ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများဖြင့် ဖွဲ့စည်းထားသည့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## နားမကြားသောကလေးများကျောင်း(ရန်ကုန်)ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီး

**တာမွေ ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နားမကြားသော ကလေးများကျောင်း(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမှု ရာနှုန်းပြည့် ရရှိစေရန် ဆေးထိုးစုရပ်အဖြစ် သတ်မှတ်ထားသော အခြေခံပညာကျောင်းများ၌ Sinopharm အမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ယခုအခါ အဆိုပါကျောင်းမှ အသက် ငါးနှစ်မှ ၁၂ နှစ်အထိ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပေးပြီးဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးများထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)မှ ဆရာ ဆရာမများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါကျောင်းတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်က အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးကို ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ၂၀ အား ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)

## ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မကြာခဏ တွေ့ရှိရသဖြင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး သွန် လဲ စစ် စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၆ ရက်ကလည်း ဆင်ပေါင်ဝဲမြို့ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် သိုလှောင်ထားသော သောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများ ခတ်ပေးခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ ရေထည့်ထားသည့် ရေစည်ရေအိုးများကို ဖုံးအုပ်ပေးခြင်း၊ သောက်ရေ၊ သုံးရေအိုးများ၊ ရေစည်ရေအိုးများကို ပွတ်တိုက်ဆေးကြော၍ သွန်ပစ်ခြင်း၊ ခြင်လောက်လမ်းတွေ့သောရေကို နောက်အိုးတစ်အိုးသို့ ရေစစ်၍ လဲလှယ်ပြောင်းထည့်ခြင်း စသည့်လုပ်ငန်းများနှင့်အတူ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်လင်း(ပြန်/ဆက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းနှင့် အလှူငွေများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၇**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ယနေ့ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ် မြစေတီစာသင်တိုက်မှ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွကုန်းဗွေးကြွယ်ရပ်ကွက်ရှိ နန္ဒဝန်အလယ်ကျောင်းတိုက် မှော်ဘီမြို့နယ် ရေပြာကျေးရွာရှိ သာသနဝန်ဆောင် ကျောင်းတိုက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တောင်ဝေးထောက် ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ပါဠိတက္ကသိုလ် ဥယျာဉ်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"** စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁) မှ (၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်) ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ် (မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

**အဝါရောင်အဆင့်**

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်း ဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

**လိမ္မော်ရောင်အဆင့်**

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာ ဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

**အနီရောင်အဆင့်**

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ် ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

**အညိုရောင်အဆင့်**

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်။

**အစိမ်းရောင်အဆင့်**

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

## ရွှေကျွန်းရောအဝေးပြေးကားကြီးကွင်း၌ ကွန်ကရစ်ခင်းခြင်းအပါအဝင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ ရွှေကျွန်းရောအဝေးပြေးကားကြီးကွင်းကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်မှစ၍ ကားကြီးကွင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရွှေကျွန်းရောအဝေးပြေးကားကြီးကွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကားကြီးကွင်း တည်ဆောက်ရေးကော်မတီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ရန်ပုံငွေအဖြစ် ဆောက်လုပ်ပြီးခဲ့သည့် ဆိုင်ခန်းနှစ်ခန်း ရောင်းရငွေ ကျပ်သိန်းပေါင်း ၁၀၀ ကျော်ဖြင့် အလျား ပေ ၂၅၀၊ အနံ ပေ ၂၀ ၌ ကွန်ကရစ်ခင်းမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ကားကြီးကွင်းအတွင်း ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လုပ်ငန်းရှင်များကိုလည်း ထည့်ဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း၊ ယာဉ်ပိုင်ရှင် လုပ်ငန်းရှင်များက ထည့်ဝင်လှူဒါန်းလာမည့် အလှူငွေများနှင့် ကျန်ရှိနေသော ကော်မတီဆိုင်ခန်းများ ထပ်မံရောင်းထွက်ပါက ပို၍ကောင်းမွန်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကားကြီးကွင်းအတွင်း ကွန်ကရစ်ခင်းပြီးပါက ခရီးသွားပြည်သူများ သွားလာမှု ပို၍အဆင်ပြေသွားမည်ဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ကားကြီးကွင်းတည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်မောင်က ပြောသည်။

**မောင်ယဉ်ဦး**

## ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ဩဂုတ်လအတွင်း ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Cadet အသက် ၁၄ နှစ်အောက်၊ Junior အသက် ၁၇ နှစ်အောက်နှင့် Senior အသက် ၃၀ အောက် အတိုက်နှင့်ကကွက် ပြိုင်ပွဲနှစ်မျိုး ကျင်းပမည်ဖြစ်ပြီး International Black Belt(KUKKIWON) ဒန်ခါးစည်း ရရှိပြီးသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲက နှစ်စဉ်နှစ်တိုင်းကျင်းပပြီး ယခင်လို အွန်လိုင်းမဟုတ်တာရယ်၊ ကိုရီးယားသံအမတ်ကြီးဖလားဖြစ်တဲ့ အတွက်ရယ် တိုတိုကျုံ့ကျုံ့နဲ့ ခါးစည်းအနက်တွေပဲ ပြိုင်မှာပါ။ တခြားကာလာခါးစည်းဘက်တွေ မပါဘူးဆိုတော့ ကစားသမား နည်းသွားတာပေါ့။ ဒီနှစ်မှာ တီးလုံးနဲ့ပြိုင်တဲ့ ကကွက်အသစ်ပါမယ်"ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီမှ ဦးကျော်သန်းဦးက ပြောသည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တွင် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်(Bo Young)အားကစားရုံ သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အိမ်ခြေ ၇၇၈ အိမ်အတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည်

**ဟိုပုံး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။

ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု ဘန့်ကွန်ကျေးရွာတွင် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေစက်ရုံနှင့် မီးလိုင်း ပေ ၁၅၀၀၊ ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု ဆီဆုံကုန်းကြီးကျေးရွာတွင် ရေသွယ်တန်းခြင်း တစ်မိုင်၊ ရေစက်ရုံနှင့် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်၊ ရေတားတမံ ၂၅ ပေ၊ ရေပိုက်သွယ်တန်းခြင်း နှစ်မိုင်၊ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု နောင်ရင်းဒုံကျေးရွာနှင့် ပင်စုံကျေးရွာအုပ်စု နန်းဩကျေးရွာတို့တွင် ရေသွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေကျပ် ၂၀၆ ဒသမ ၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကျိုးပြုအိမ်ခြေ ၇၇၈ အိမ်၊ လူဦးရေ ၃၃၈၆ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နေမင်းထွန်း**

## မြစ်ကမ်းပါးပြိုကျ၍ နေအိမ်သုံးလုံး ကြိုတင်ပြောင်းရွှေ့

**ပန်းတနော် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ဇူလိုင် ၁၅ ရက်က မြစ်ကမ်းနှင့်နီးသော သောင်ဂုတ်ကျေးရွာရှိ နေအိမ်သုံးလုံးကို ကြိုတင်ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါအိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၈ ဦးအား နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# ဒေသသုတေသနဇဟိုဌာန(မကွေး)၌ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းသရုပ်ပြ

**မကွေး ဇူလိုင် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန (မကွေး)၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် သီးညှပ်စိုက်ပျိုးနည်းစနစ် (နေကြာ+မြေပဲ၊ နေကြာ+နှမ်း၊ နေကြာ+ပဲတီစိမ်း)နှင့် အထွက်ကောင်းနှမ်းနက်မျိုးများ ဒေသအဆင့် အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်းမှ အလားအလာရှိသောမျိုးများရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၅ ရက်က ပြုလုပ်သည်။



ယှဉ်ပြိုင်စိုက်ပျိုးထွက်ရှိသော နှမ်းနက်မျိုးများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံထုတ်လုပ်ရေး အဓိကကျသည့်အတွက် ဒေသသုတေသနဇဟိုဌာန (မကွေး)၌ တန်ဖိုးရှိသော သုတေသနများ လုပ်ဆောင်နေကြောင်းနှင့် တောင်သူများအနေဖြင့် သစ်စိမ်းမြေဩဇာကျွေးခြင်း ပိုက်ဆံလျှော်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးယဉ်ထွန်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဖော်ထုတ်ရရှိသောမျိုးနှင့် နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများထံသို့ ဖြန့်ဝေပေးနေမှုများ၊ နေကြာသီးနှံကို တောင်သူများ လက်ရှိစိုက်ပျိုးလျက်ရှိသော သီးနှံများနှင့် သီးညှပ်စိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို တင်ပြပြီး ဒေသသုတေသနဇဟိုဌာန(မကွေး)၏တာဝန်ခံ ဒေါ်မော်မော်သီက လက်ရှိဆောင်ရွက်နေသော သုတေသနလုပ်ငန်းများ၊ မျိုးသန့်ပွားများထုတ်လုပ်ရေးများ၊ RRC အဖြစ် အဆင့်မြှင့်တင်မည့် အစီအစဉ်များ၊ စိုက်ပျိုးရေးဦးစီးဌာနက တိုင်း၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ၊ မျိုးသန့်ခြံများ၊ မျိုးစေ့ကုမ္ပဏီများ၊တောင်သူများနှင့် ချိတ်ဆက်၍ တိုင်းဒေသကြီးအတွင်း၌ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဒေသခံတောင်သူများက စိုက်ကွင်းများ၌ အထွက်ကောင်းနှမ်းနက်မျိုးများ ဒေသအဆင့် အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်းကို လေ့လာကြပြီး အလားအလာရှိသော မျိုးများကို တောင်သူများစိတ်ကြိုက် ရွေးချယ်စေခဲ့ရာ MSS-10009, MSS-13009, MSS-13010 မျိုးများသည် အသီးပါဝင်မှုများခြင်း၊ ပင်စည်နှင့် အရွက်အစိမ်းရင့်ရောင်ရှိခြင်း၊ အသက်လျင်ခြင်း လက္ခဏာများကြောင့် တောင်သူများ ကြိုက်နှစ်သက်ကြောင်း သိရသည်။

**မောင်ညီညာ**

# ဟိုပုံးမြို့နယ်၌ မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ဟိုပုံး ဇူလိုင် ၁၇**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၏ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မုန့်အမျိုးမျိုးထုတ်လုပ်မှု(Bakery)နည်းပညာသင်တန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က ဒေသတွင်းထွက်ရှိသော သီးနှံများကို အခြေခံသည့် စားသောက်ကုန်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်၊ One Village One Product အဖြစ် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများအနေဖြင့် မိမိတို့ဒေသထွက်အသီးအနှံများကို တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေ/ညွှန်ကြားချက်များကို သိရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ကိတ်အမျိုးမျိုးနှင့် ကွတ်ကီး၊ လျှာပေါ်ဝဲ၊ နံကထိုင်၊ ပူတင်း၊ ကျောက်ကျော၊ ပေါင်မုန့်၊ ပီဇာစသည့် မုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။




ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမော်က သင်တန်းအကြောင်း ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသအမျိုးသမီးရေးရာဖွဲ့အား မုန့်ဖုတ်စက်ကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက အလှူငွေများနှင့် သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း**
**(ပအိုဝ်းဒေသ)**

# စစ်တွေမြို့နယ်၌ ကျွဲ၊ နွားများကို ကာကွယ်ဆေးများထိုးနှံပေး

**စစ်တွေ ဇူလိုင် ၁၇**

စစ်တွေမြို့နယ် သင်္ဂနက်ကျေးရွာအုပ်စု သာယာကုန်းရခိုင်ကျေးရွာတွင် မွေးမြူထားရှိသော ကျွဲ၊ နွားများတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ဇူလိုင် ၁၄ ရက်က ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဟန်ဝင်းအောင်ထံမှ သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက သာယာကုန်းကျေးရွာသို့ကွင်းဆင်းပြီး နို့စားနွားနှင့် ခိုင်းနွား ၁၅၇ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ကျွဲ၊ နွားများမွေးမြူထားသော တောင်သူများအား ကျွဲ၊ နွားများတွင် ကျရောက်ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်ရောဂါနှင့် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ ဌာနဆိုင်ရာအခက်အခဲများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲရှိပါက တင်ပြရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးသတိရှိရန်နှင့် ဌာနတစ်ခုချင်းအလိုက် လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများက မိမိတို့လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြကြရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းသားအရွယ် ကလေးငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနတွင် အမြန်ဆုံးသွားရောက်ပြသ ကုသမှုခံယူရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ပန်းခင်းစီမံချက်(၂) အကောင်အထည်ဖော်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

**အိရွှေစင် (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား / အမျိုးသမီး အသက်(၂၅)နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

ဘားအံ ဇူလိုင် ၁၇

**ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး အသက်(၂၅) နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုံမာလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။**



ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် ကြက်တောင်ရိုက်အားကစားသမားများကို ကရင်ပြည်နယ် လက်ရွေးစင်အဖြစ် ရွေးချယ်ပြီး ဘားအံမြို့တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်၍ ရန်ကုန်မြို့တွင် ဩဂုတ်လအတွင်း ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ အနိုင်ရရှိရေးကို ပြိုင်ပွဲသတ်မှတ်စည်းမျဉ်းစည်းကမ်း ဥပဒေဘောင်အတွင်းမှ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ် ခုနစ်မြို့နယ်မှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ခုနစ်သင်းက ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကြက်တောင်အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေ့ရာလုပွဲများယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ဆက်လက် ကျင်းပလျက်ရှိရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

ယနေ့နံနက်ပိုင်းတွင်ဘော်လီဘော(အမျိုးသား) တတိယလုပွဲ ပြိုင်ပွဲ ပွဲစဉ်အဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး) တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ ဘော်လီဘော အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**




## GFA အသင်း ပထမဆုံးနိုင်ပွဲရရှိပြီး မဟာယူနိုက်တက် ရှုံးပွဲဆက်

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ဒုတိယနေ့အဖြစ် GFA အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဇူလိုင် ၁၇ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ GFA အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

သုံးပွဲဆက်အရှုံးနှင့် ဇယားအောက်ဆုံးရောက်ရှိခဲ့သည့် GFA အသင်းအတွက် တန်ဖိုးရှိသော နိုင်ပွဲဖြစ်ခဲ့ပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ GFA အသင်းအနေဖြင့် နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာသဖြင့် ယခင်ပွဲများထက် ကစားပုံပိုကောင်းလာပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းမှာမူ တတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့ရပြီး လာမည့်ပွဲများတွင် နိုင်ပွဲပြန်လည်ရယူနိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

မဟာယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုး စတင်သွင်းယူနိုင်သော်လည်း အနိုင်ရလဒ်မထိန်းနိုင်သဖြင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းသည် ဟံသာဝတီကို အနိုင်ရသည့် တစ်ပွဲသာ ပေးဂိုးမရှိခဲ့ပြီး ကျန်အရေးနိမ့်သည့် သုံးပွဲစလုံး လေးဂိုးနှင့်အထက် ပေးခဲ့ရခြင်းဖြစ်သဖြင့် ခံစစ်ပိုင်းအမှားများပါက ရှုံးပွဲကြုံတွေ့ရသည့်အနေအထားဖြစ်ခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၅ မိနစ်တွင် စိုးမင်းနိုင်က သွင်းယူခဲ့ပြီး GFA အသင်းက နှစ်မိနစ်အကြာတွင် ချေပဂိုးရခဲ့ကာ အီမန်နျူရယ်က သွင်းယူခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် GFA အသင်းက ဆက်တိုက်ဖိကစားခဲ့ပြီး ၁၉ မိနစ်တွင် တန်တိုးအောင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးရရန် ဆက်လက်ကြိုးပမ်းခဲ့သော်လည်း GFA အသင်းကသာ ဂိုးများထပ်မံရရှိခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးများကို ၆၉ မိနစ် တွင် ထက်အောင်နှင့် ၇၃ မိနစ်တွင် ဂျွန်ဘာဘူတို့က သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် GFA အသင်းက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည်။ လေးပွဲစီ ကစားအပြီးတွင် GFA အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ တစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် သုံးမှတ်စီ ရရှိထားသည်။

ပွဲစဉ် (၄) တတိယနေ့အဖြစ် ဇူလိုင် ၁၈ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## စင်ကာပူ၌ ကျင်းပမည့် ဂေါက်ရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်မှ ၂၂ ရက်အထိ စင်ကာပူနိုင်ငံ Tanah Merah Country Club, Tampines Course ၌ ကျင်းပမည့် 74th Singapore Open Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်မင်းထွန်း (အဖွဲ့ဝင်၊ မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ဆပ်ကော်မတီ) အားကစားသမားများအဖြစ် ထွန်းသူရိန်နှင့် အောင်ဗိုလ်ကောင်းသန့်တို့ ပါဝင်ကြသည်။ ယင်းပြိုင်ပွဲသို့ နိုင်ငံအသီးသီးမှ ဂေါက်သီးရိုက်အားကစားသမား ၁၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ကစားသမားများပြိုင်ပွဲ အတွေ့အကြုံရစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပြီး ယခုပြိုင်ပွဲမှာလည်းမြန်မာဂေါက်သီးရိုက်ကစားသမားများအတွက် အကျိုးရှိမည့် ပြိုင်ပွဲလည်းဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ– MGF**

## တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိပြီ

စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသည် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန် ရှိနေသေးသော အသက် ၃၃ နှစ်အရွယ် လီဝမ်ဒေါ့စကီးသည် ပြီးခဲ့သည့်လတွင် အသင်းမှ ထွက်ခွာလိုကြောင်း ဘိုင်ယန်မြူးနစ်အသင်းကို ပြောဆိုထားသူ ဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်ရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ၄၆ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၅၀ သွင်းယူကာ ဘွန်ဒက်စ်လီဂါဖလားကို (၁၀) ကြိမ်ဆက် ဆွတ်ခူးရရှိရန် ကူညီပေးထားနိုင်သည်။ လီဝမ်ဒေါ့စကီးသည် ၂၀၁၄ ခုနှစ်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းထံသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၇၄ ပွဲ ပါဝင်ကစားထားရာ ၃၄၄ ဂိုးအထိ သွင်းယူပေးထားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် တောင်ပံကစားသမား ဂနဘရီ (၂၇နှစ်) ကို ၂၀၂၆ ခုနှစ် အထိရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ် တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ ဘာစီလိုနာအသင်းကလည်း ကက်ဆီ၊ ခရစ္စတန်ဆန်နှင့် ရာဖင်ဟာတို့ကို ယခုနှစ်ရာသီတွင် ခေါ်ယူထားပြီး ဖြစ်သည်။ **အောင်ဇော်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျောင်းအိုးရပ်ကွက်နေ ကျော်ဇင်ထွန်း(ခ)ရှမ်းလေးသည် ၎င်းအသုံးပြုသည့် “Shan Lay” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုပန်မြို့နယ် ဈေးရပ်ကွက်နေ စိုင်းနေလင်းထွန်းသည် ၎င်းအသုံးပြုသည့် “Sai Nay Lin Htun” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ဝေလင်းထက်သည် ၎င်းအသုံးပြုသည့် “Wai Lin Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းလ်ဖုန်းအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံပြည်နယ်မှူး ဦးစီးသည့်အဖွဲ့သည် မြဝတီ-မော်လမြိုင် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုများဆောင်ရွက်နေစဉ် ကျားကလေးလမ်း ကျုံဖဲကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အေးခဲအသားတုမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော တိုယိုတာ ဟိုင်းလပ်ဗင်ဂို အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ ဦးဆောင်၍ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့စုံဖြင့် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နမ့်ခမ်းသွားလမ်း မြေနီကားကွင်းအနီး၌ နမ့်ခမ်းမြို့ဘက်မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်နှစ်စီးကို သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်မုန့်မျိုးစုံ၊ လူသုံးကုန်နှင့် မိုဘိုင်းလ်ဖုန်းအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၈၈၇၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၈၈၇၆၆ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၅ ရက်တွင် မြဝတီ-မော်လမြိုင် ကားလမ်းဘေးအတွင်းရှိ ကျုံစောက်ကျေးရွာ၌ ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဂက်စ်အိုးခွံနှင့်ဆက်စပ်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၁၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မစ်ဆူဘီရှီ ဖရူဆို အမျိုးအစားခြောက်ဘီးကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီ(OSS) ကုန်သွယ်ရေးဇုန်အတွင်း၌ ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော ဖိနပ်မျိုးစုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၅၉၅၀)ကို လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် သံလွင်တံတား(ဘားအံ) စစ်ဆေးရေးဂိတ်၌ ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပြန်လည်ပြုပြင်ထားသော ဂျန်နရေတာ တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းအား တင်ဆောင်လာသော နစ်ဆန်း ဒီဇယ် အမျိုးအစား ၂၂ ဘီးကုန်တင်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်လေးစီးပေါ်မှ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၇၇၄၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇူလိုင် ၁၄ ရက်တွင် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးဦးဆောင်သော ပူးပေါင်းအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စက်ဘီးများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၃၅၀၀၀)နှင့် အဆိုပါစက်ဘီးများ တင်ဆောင်လာသော ဟီးနိုး အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ကျွန်းသစ် ၁၇ ဒသမ ၃၉၇တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၉၀၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် သပြေကန်ကျေးရွာအနီးတွင် လိုင်စင်မဲ့ ဟိုက်ဂျက်မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၈၄၀၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူးပေါင်းအဖွဲ့က ယင်းမာပင်မြို့နယ်တွင် ပိတောက်ခွဲသား ဝ ဒသမ ၇၁၉၂တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၆၇၂)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်တွင် လိုင်စင်မဲ့ တိုယိုတာ လိုက်အေ့စ်အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၄၆၇၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၃၃၄၉၀၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စမ်းချောင်း၊ အင်းစိန်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် စမ်းချောင်းလမ်း အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းရှေ့တွင် လမ်းလျှောက်လာသည့် မင်းသူရိန်(ခ)ဘေကြီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ Ecstasy ဆေးပြား ၁၀၀ နှင့် ကတ်တမင်း သုည ဒသမ ၀၀၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၈ နာရီခွဲတွင် စမ်းချောင်းမြို့နယ် စမ်းချောင်း (မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း (ပ)ထပ် အမှတ်(၂၃/၂၅)ရှိ ၎င်းနေထိုင်သည့် တိုက်ခန်းသို့ သွားရောက်စစ်ဆေးရှာဖွေရာ Ecstasy ဆေး ၂၇၃၉ ပြား၊ ကတ်တမင်း သုည ဒသမ ၂၅ ကီလိုနှင့် ဆေးခြောက် ၃၇ ဒသမ ၃၂ ကီလိုစုစုပေါင်းငွေကျပ် ၁၆၃၆ ဒသမ ၃ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကိုလည်းကောင်း။

ဇူလိုင် ၁၆ ရက် ည ၈နာရီတွင် အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် တညင်းကုန်း လမ်းဆုံအနီး ခရေပင်လမ်းပေါ်တွင် သက်နိုင်မောင်းနှင်ပြီး မနန်းနဒီလိုက်ပါလာသည့် ပရိုဘောက်အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီတွင် လှိုင်သာယာ(နောက်ပိုင်း)မြို့နယ် အမှတ်(၁၈)ရပ်ကွက်၊ ဦးပေါ်ဦး (၄)လမ်း အမှတ်(၈၇၂/က)နေ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မချိုချိုဝင်းကို ၎င်း၏နေအိမ်၌ မြန်မာငွေကျပ် ၈ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နေ့မွန်းလွဲ ၁ နာရီတွင် နမ့်ခမ်းမြို့ အမှတ် (၁၂ ရပ်ကွက်တွင် တင်ရွှေကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




မင်းသူရိန်(ခ)ဘေကြီး ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လောက်ကိုင်မြို့၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ဝါတွင်းကာလ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲကျင်းပ



**လောက်ကိုင် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ဝါဆိုဝါကပ်တော်မူကြသော ရဟန်း၊ သာမဏေနှင့် သီလရှင်များ ဝါတွင်းကာလအတွင်း ဆွမ်း၊ ကွမ်းများ ပြည့်စုံစွာဖြင့် သီတင်းသုံးနိုင်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ဝါတွင်းကာလ တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၉ နာရီက လောက်ကိုင်မြို့ အမှတ် (၂) ရပ်ကွက် အ.ထ.က (၁) ကျောင်းရှေ့တွင် ကျင်းပသည်။

ဆွမ်းလောင်း လှူရာတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မန်ချူးတပ်ဦး ကျောင်းတိုက်ဆရာတော် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိက ဓဇ သာသနဓဇ ဓမ္မာစရိယ သာသနတက္ကသီလ ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေ ၂၅၃ ပါး၊ သီလရှင် ၃၉ ပါးအား ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်၊ လောက်ကိုင်ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသိန်းဇော်ဦးနှင့် ဒေသ/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆွမ်းလောင်းလှူပွဲအား ဝါတွင်းကာလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေစင်ဖြိုး (ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မင်္ဂလာဒုံမြို့နယ် မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လိုက်နာဆောင်ရွက်ပေးသည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဆွေ၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးဦးရန်နိုင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူ ၃၀ တက်ရောက်ကြပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဆွေက ရွှေနံ့သာစံပြကျေးရွာမှ အကျိုးဆောင်တောင်သူ ဦးပန်းညွှန့်၊ ဦးဝင်းဇော်နှင့် ဦးမြင့်အောင်တို့အား မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



## ကယုကမာနှင့် ကျောက်ငါးများကို စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ရခိုင်ပြည်နယ်တွင် စီးပွားဖြစ်မွေးမြူလျက်ရှိသည့် ကယုကမာကောင်နှင့် ကျောက်ငါးတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့ကြီးများသို့ ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ကယုကမာကောင်ကို တစ်နှစ်ခွဲကျော်အကြာမွေးမြူ၍ ခြောက်လက်မမှ ရှစ်လက်မအရွယ်တွင် ဈေးကွက်သို့ တင်ပို့ရောင်းချသည်။ မွေးမြူရာဒေသ၌ ကယုကမာတစ်ကောင်လျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀အထိ ဈေးရရှိလျက်ရှိပြီး ဟိုတယ်များနှင့် ပင်လယ်စာဆိုင်တို့၌ တန်ဖိုးမြင့် စားသောက်ကုန်အဖြစ် ကယုကမာတစ်ကောင်လျှင် ငွေကျပ် ၅၀၀၀ အထက် ရောင်းချသည်။

ယခင်က ကယုကမာကောင်ကို ရာသီချိန်တွင် စားသုံးနိုင်ပြီး ယခုအခါ စီးပွားဖြစ်မွေးမြူမှုဖြင့် ရာသီမရွေးရရှိကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့သည်။ ကျောက်ဆောင်တွင် ကယုကမာကောင်ကိုခွာယူစဉ် အခွံကို ထိခိုက်မိပါက ဈေးကွက်သို့ တင်ပို့ရာ၌ အရည်အသွေးကျဆင်းတတ်သောကြောင့် ဒီရေတောကျောက်ဆောင်များတွင် ဘိလပ်မြေမံ၍ ကားတာယာကွင်းသုံး၍ ထိခိုက်မှုမရှိသော စနစ်ဖြင့်လည်းကောင်း၊ ကြိုးတန်းစနစ်ဖြင့်လည်းကောင်း မွေးမြူလျက်ရှိသည်။

"ကယုကမာ သားပေါက်က ဒီရေတောထဲက ပြန်ရတယ်။ ကျောက်ငါးသားပေါက်ကို ရခိုင်ပြည်နယ်ဒီရေတော၊ တနင်္သာရီနဲ့ ရန်ကုန်မှာရတယ်။ ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ကယုကမာသားပေါက်နဲ့ ကျောက်ငါးသားပေါက် အလွယ်တကူ မွေးမြူထုတ်လုပ်နိုင်မယ့် ဒီရေတောတွေ ရရှိဖို့ကြိုးစားနေပါတယ်။ ကမာကောင်ကနေခရုဆီ ထုတ်လုပ်နိုင်တာဖြစ်တဲ့အတွက် နောက်ပိုင်းမွေးမြူသူပိုပြီးများလာရင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ခရုဆီလည်း ထုတ်လုပ်နိုင်မှာပါ။ ရင်းနှီးမြှုပ်နှံမှု၊ စက်ပစ္စည်းနဲ့ နည်းပညာတော့လိုမယ်။ ရခိုင်ပြည်နယ်မှာ ကယုကမာနဲ့တွဲပြီး ကျောက်ငါးမွေးမြူတာ ဧက ၁၀၀ နီးပါးရှိမယ်။ ဈေးကွက်ဝင် ရေထွက်ကုန်နှစ်မျိုးကို ရခိုင်ပြည်နယ်မှာ ဒီရေအတက်အကျရှိတဲ့ ချောင်းတွေ၊ပင်လယ်အော်ကွေ့တွေနဲ့ ဒီရေတောတွေမှာ မွေးမြူကြတာများတယ်" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။



ကယုကမာကောင်နှင့်အတူ ခြောက်လဖြင့် ဈေးကွက်ဝင် ပင်လယ်စာကျောက်ငါးကိုလည်း မွေးမြူ ထုတ်လုပ်လျက်ရှိရာ တစ်နှစ်ခွဲကျော်ကြာ ရင်းနှီးမြှုပ်နှံမှုတွင် သုံးလမှ ရှစ်လအတွင်း ဝင်ငွေရသော ကျောက်ငါးကို ဖောင်တွင်လှောင်အိမ်ဖြင့် တွဲဖက်မွေးမြူ၍ ဈေးကွက်သို့ ရေထွက်ကုန်တင်ပို့မှု အရှိန်မပျက်စေရန် ပေါင်းစပ် မွေးမြူထုတ်လုပ်လျက်ရှိသည်။ ကျောက်ငါးတစ်ကောင်လျှင် ငွေကျပ်တစ်သောင်းခွဲမှ ငွေကျပ်သုံးသောင်းအထိ ဈေးရရှိပြီး ဟိုတယ်နှင့် ပင်လယ်စာဆိုင်တို့၌ ငါးအသားလွှာ၊ ငါးချိုချဉ်၊ ဟော့ပေါ့နှင့် ပင်လယ်စာအဖြစ် ဈေးကွက်ဝင် ရောင်းချလျက်ရှိကာ ကယုကမာနှင့် ကျောက်ငါးအား သံတွဲ၊ ဂွ၊ မာန်အောင်၊ ရမ်းဗြဲနှင့် ကျောက်ဖြူမြို့တို့တွင် မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## ဂွမြို့နယ်တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်

**ဂွ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဇူလိုင် ၁၆ ရက်က ဂွမြို့ မဒွေါ်ကြောကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာပိုင်စိုးဦးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးလုပ်သားများပါဝင်သည့်အဖွဲ့သည် မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ တိရစ္ဆာန်ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ် အဖြစ် မဒွေါ်ကြော ကျေးရွာအုပ်စုအတွင်းရှိ မွေးမြူသူတောင်သူများအား ကျွဲ၊ နွားအရေပြား အကျိတ်နာရောဂါ၊ ခွာနာလျှာနာရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင် ဝေငှပေးသည်။

ဆက်လက်၍ ကျွဲ၊ နွားများအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ကျွဲ၊ နွားအကောင် ၁၀၀ ကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။ **(အောက်ပုံ)**

**ရွှေရည်ဝင်းကျော်**
**(ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာ ဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

**ယနေ့ သတင်းအညွှန်း**

### စားသုံးသူပြည်သူများ လက်ဝယ်အရောက် စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ပြည်တွင်းသတင်း စာ - ၉

................




### အာရှ၏ပထမဆုံးသော ကုန်တင်ကုန်ချလေဆိပ်ကို တရုတ်နိုင်ငံအလယ်ပိုင်းတွင် စတင်ဖွင့်လှစ်

နိုင်ငံတကာသတင်း စာ - ၁၃



## သီပေါဒေသမှထွက်ရှိသည့် နာနတ်သီးများ ယမန်နှစ်ကထက် ဈေးပိုမိုရရှိ

မန္တလေး ဇူလိုင် ၁၇

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါဒေသမှ ထွက်ရှိသော နာနတ်သီးများသည် အရသာချို၍ အမျိုးအစား ကောင်းမွန်သည့်အတွက် ဈေးနှုန်းမှာလည်း ယမန်နှစ်ကထက် ဈေးပိုမိုရရှိကာ ရောင်းအားမှာလည်း နှစ်ဆခန့် ကောင်းနေကြောင်း သိရသည်။

ယခင်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်သွားလာမှုအကန့်အသတ်များရှိခဲ့သဖြင့် ဈေးကွက်ထိုးဖောက်နိုင်ခြင်းမရှိ၍ ဝယ်လိုအား ကျဆင်းခဲ့ရာ နာနတ်သီးတစ်လုံးလျှင်

*စာမျက်နှာ ၉ ကော်လံ ၃*○



တတိယလုပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

## အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ဖိလစ်ပိုင်ဗိုလ်စွဲ မြန်မာအသင်း ဗီယက်နမ်ကိုနိုင်ပြီး တတိယဆုရရှိ

ရန်ကုန် ဇူလိုင် ၁၇

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ တတိယဆုရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ထိုင်းအသင်းကို သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုရရှိခဲ့သည်။

မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း ဗီယက်နမ်ကိုအနိုင်ရပြီး တတိယရခဲ့သဖြင့် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း စသည့် အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၏ စွမ်းဆောင်မှု၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၃*❊